လူမှန် စေတနာမှန်
တကျော့ပြန်သူရဲကောင်း

သို့မဟုတ်

# မဟာသီယာမိုဟာမက်

## နေစိုးထက်



igned by
e Kyaw(C.U)
0 1 8

# ပုံနှိပ်မှတ်တမ်း

လူမှန်၊ စေတနာမှန်၊ တစ်ကျော့ပြန် သူရဲကောင်း

(သို့မဟုတ်) မဟာသီယာမိုဟာမက်

ပထမအကြိမ်၊ ၂၀၁၈-ခုနှစ်၊ အောက်တိုဘာလ

**အုပ်ရေ** - ၁၀၀၀

**တန်ဖိုး** - (၆၀၀)ကျပ်

**မျက်နှာဖုံးဒီဇိုင်း**

မိုးကျော်

**စာအုပ်ချုပ်**

ပပစိုးနှင့်အဖွဲ့

**မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ**

ဒေါ်နှင်းနှင်းအိ (အဏ္ဏဝါမင်းပုံနှိပ်တိုက်)

မြဲ (၀၀၃၉၃)၊ အမှတ်(၉၆)၊ ဘိုကလေးဈေးလမ်း

ဗိုလ်တထောင်မြို့နယ်။

**ထုတ်ဝေသူ** -

ဦးသန်းမြင့်(၀၁၀၄၀)၊ လင်းလင်းစာပေ

အမှတ်(၄/၂၉)၊ မြဝတီမင်းကြီးလမ်း

၁၀-မိုင်ကုန်း၊ အင်းစိန်၊ ရန်ကုန်မြို့။

**"ထုတ်ဝေသည့်စာအုပ်ကတ်တလောက်အညွှန်း"**(CIP)

နေစိုးထက်

လူမှန်၊ စေတနာမှန်၊ တစ်ကျော့ပြန် သူရဲကောင်း

(သို့မဟုတ်) မဟာသီယာမိုဟာမက်

**ရန်ကုန်။** လင်းလင်းစာပေ၊ ပထမအကြိမ်၊ ၂၀၁၈။

၁၆၀ - စာ ၁၈ × ၂၁ စင်တီ

(၁) လူမှန်၊ စေတနာမှန်၊ တစ်ကျော့ပြန် သူရဲကောင်း

(သို့မဟုတ်) မဟာသီယာမိုဟာမက်

# လူမှန်၊ စေတနာမှန်၊ တစ်ကျော့ပြန် သူရဲကောင်း

(သို့မဟုတ်)

# မဟာသီယာမိုဟာမက်

**နေဝိုးထက်**

- ရတနာသုံးပါး
  အနန္တောအနန္တငါးပါး
  ဦးထိပ်ထား၍
- ဘဝတစ်ကွေ့ တွေ့ခဲ့ရသည့်
- ထမင်းတစ်လုတ် ကျွေးခဲ့ဖူးသူ
- ရေတစ်မှုတ် တိုက်ခဲ့ဖူးသူ
- စကားတစ်ခွန်း ညွှန်းဆိုခဲ့ဖူးသူ
  နှင့်
  ချစ်သူ၊ မုန်းသူ တို့အား
  ထာဝရ ဂါရဝဖြင့်

နေမိုးထက်

# မာတိကာ


နိဒါန်း (သို့မဟုတ်) ၁၃
တစ်ယောက်ဆိုတစ်ယောက် စံပြုထိုက်သူတစ်ဦး

၁။ ဘဝသိသဖြင့် အလှရှိခဲ့သူ ၂၁
၂။ တောက်မည့်မီးခဲ ၂၅
၃။ ကျေးဇူးကြီးလှ မိနှင့်ဖ ၃၁
၄။ ဆယ်ကျော်သက်ဘဝပုံရိပ်နှင့် ၃၅
မလေးကျွန်းဆွယ်အပေါ် ဗြိတိသျှအုပ်စိုးမှု
၅။ အာရှသို့ အုပ်ချုပ်ရေးသစ်များ ၄၁
ဝင်ရောက်သိမ်းပိုက်ခြင်း
၆။ ဘဝသစ်ကို ဖော်ထုတ်ခြင်း ၄၉
၇။ စင်ကာပူကျောင်းသားဘဝနှင့် ဖူးမာဆုံသည့်ပွဲ ၅၇
၈။ လွတ်လပ်ရေးစိန်ခေါ်မှု ၆၅
၉။ နိုင်ငံရေးခရီးကြမ်းနှင့် အတွေ့အကြုံများ ၇၁
၁၀။ ဝန်ကြီးချုပ်လမ်းကြောင်းပေါ်မှ ၇၇
အံ့ဖွယ်အတွေ့အကြုံများ
၁၁။ အာရှတိုးတက်မှုလမ်းကြောင်းများနှင့် မဟာသီ ၈၁
၁၂။ သူ၏စီးပွားရေးမူဝါဒသစ် ၈၇

၁၃။ အမြင် (သို့မဟုတ်) ၉၁
ရင်ဆိုင်ရမည့် စိန်ခေါ်ချက်(၉)ချက်
၁၄။ အာရှသားမှ ကမ္ဘာကိုရှုမြင်ခြင်း ၉၇
၁၅။ လက်တွဲခေါ်တတ်သူ ၁၀၁
၁၆။ တစ်ကျော့ပြန် မဟာသီယာမိုဟာမက် ၁၀၇
၁၇။ မဟာသီယာ ဝန်ကြီးချုပ်ရွေးခံရ ၁၁၃
လက်စားချေမည်မဟုတ်ဟုဆို
၁၈။ ပြည်သူ့ဝန်ထမ်းများဥပဒေ မချိုးဖောက်ရန် ၁၁၇
မှာကြား
၁၉။ မလေးရှား အရုဏ်သစ်ရောက်ပြီ ၁၂၁
၂၀။ လုပ်သင့်တာ လုပ်သူ ၁၂၅
၂၁။ နိုင်ငံရေးစင်မြင့်က တရားမျှတသော ၁၃၅
စီးချင်းထိုးပွဲ
၂၂။ ပြည်သူ့အတွက် မဟာသီယာမိုဟာမက် ၁၄၁
၂၃။ မလေးရှားရဲ့ တိုးတိုးတိတ်တိတ်ကွဲလွဲမှု ၁၄၇
၂၄။ အောင်ပွဲခံ မဟာသီယာမိုဟာမက်နှင့် ၁၅၁
အနာဂတ်သစ်
ကျေးဇူးမှတ်တမ်း ၁၆၂



မဟာသီယာနှင့် သူ၏ညီအစ်ကိုများ





မဟာသိယာဘွဲ့ယူစဉ်

ပြည်သူများအားနှုတ်ဆက်စဉ်




မဟာသီယာတို့ဇနီးမောင်နှံ



စင်္ကာပူဝန်ကြီးချုပ် လီကွမ်ယုနှင့်အတူ





နိုင်ငံရေးအခမ်းအနားတစ်ခုတွင်မြင်တွေ့ရစဉ်




27 Mac 20
USD-MYR
3.9895 ↓0.20%
Bloomberg
MAHATHIR TO LEAD MALAYSIAN OPPOSITION

နိုင်ငံရေးလုပ်ဖော်ကိုင်ဖက်များနှင့်အတူ



မိသားစုနှင့်အတူ



မဟာသီယာတို့ဇနီးမောင်နှံ



သတင်းမီဒီယာသမားများနှင့်တွေ့ဆုံစဉ်



မိန့်ခွန်းပြောကြားနေစဉ်



လီကွမ်ယုနှင့်အတူ ဆုလက်ခံရယူစဉ်



ပြည်သူများနှင့်တွေ့ဆုံစဉ်

ပြည်သူများနှင့်တွေ့ဆုံစဉ်







ရွေးကောက်ပွဲအောင်နိုင်ခဲ့သည့်
လူအိုခြေတက်
ဝန်ကြီးချုပ်သစ် မဟာသီယာမိုဟာမက်



ထွက်တော်မူ နန်းကချွာသည်
ဝန်ကြီးချုပ်ဟောင်း
နာဂျစ်ရာဇစ်




အောင်ပွဲခံစကားပြောနေသည့်
ဝန်ကြီးချုပ်
မဟာသီယာမိုဟာမက်

# နိဒါန်း

# (သို့မဟုတ်)

# တစ်ယောက်ဆိုတစ်ယောက်

# စံပြုထိုက်သူတစ်ဦး

# (၁)

ယခုတလော ကမ္ဘာ့နိုင်ငံရေးနှင့် အာဆီယံနိုင်ငံရေးအသိုက် အဝန်းတွင် မှတ်မှတ်ထင်ထင် ပေါ်ပေါက်မှုတစ်ခု ရှိခဲ့သည်။

အခြားမှု မဟုတ်။

မလေးရှားနိုင်ငံ ရွေးကောက်ပွဲသတင်းနှင့် အသက်ကြီးပေမယ့် မပျက်စီးသေးဟု ဆိုရမည့် လူငယ်ခြေတက်တွေနှင့် ရင်ဆိုင်ယှဉ်ပြိုင်ရဲပြီး အောင်ပွဲခံနိုင်သူတစ်ဦး၏ အကြောင်းဖြစ်သည်။

တိတိပပပြောရလျှင် "မဟာသီယာမိုဟာမက်"နှင့် မလေးရှားရွေးကောက်ပွဲသတင်း ဖြစ်သည်။ မဟာသီယာမိုဟာမက်သည် ယခုဆိုလျှင် အသက်(၉၀)ကျော်ပြီ၊ (၉၂)သို့ ရောက်နေပြီ။

ဇရာဖိစီး၍ အဘိုးကြီး ဖြစ်နေပြီ။

သို့သော် ဤအဘိုးကြီး မဟာသီက တိုးတက်ခေတ်မီပါသည်ဆိုသည့် လူငယ်တို့အား နှာတစ်ဖျားသာဖြင့် ရွေးကောက်ပွဲ အောင်ပွဲခံနိုင်ခဲ့ပြီ။

မဟာသီကလည်း "ငါမသေသေးဘူးဟေ့" ကြွေးကြော်ခြင်းဖြင့် အောင်ပွဲခံခဲ့သည်။

သဘောက မဟာသီသည် အသက်ကြီးပြီ ဖြစ်သော်လည်း နိုင်ငံအတွက် လူမျိုးအတွက် အလုပ် လုပ်နိုင်သေးသည်ဟု ကြွေးကြော်လိုက်ခြင်းဟု ဆိုရမည်။

"ကျွန်တော့်ကို အသက်ကြီးပြီ၊ မစွမ်းဆောင်နိုင်တော့ဘူးလို့ လူငယ်တွေက ထင်ချင်ထင်ကြမယ်၊ ဒါပေမဲ့ ကျွန်တော့်မှာ စေတနာမှန်နဲ့ တိုင်းပြည်တိုးတက်စေချင်တဲ့ စိတ်ဓာတ်တွေ၊ ဆန္ဒတွေ ရှိသေးတယ်၊ ဒါတွေက တွန်းအားတွေလေ၊ ကျွန်တော် စွမ်းဆောင်နိုင်သမျှ နိုင်ငံနဲ့ ပြည်သူအတွက် လုပ်သင့်တာ၊ လုပ်နိုင်သလောက် လုပ်ဦးမှာပါ"

ဟု သူက ပြော၏။

တကယ်တော့ အောင်မြင်သူတစ်ယောက်ရဲ့ဘဝမှာ စေတနာရှိဖို့နဲ့ အမြင်မှန်ကန် ကြည်လင်ဖို့၊ မျိုးချစ်စိတ်ဓာတ် ရင့်သန်ဖို့လိုမည် မဟုတ်လား။

မဟာသီမှာကား စေတနာမှန်သည်၊ အမြင်မှန်ကန် ကြည်လင်သည်၊ မျိုးချစ်စိတ်ဓာတ် ရင့်သန်ခဲ့သည် မဟုတ်လား။

မဟာသီမှာကား စေတနာ မှန်သည်၊ အမြင်မှန်ကန်ကြည်လင်သည်။ မျိုးချစ်စိတ် ရှိသည်။

စင်စစ် ဤသည်ကပင် မဟာသီအား အောင်မြင်မှုလမ်းကြောင်းပေါ်သို့ တွန်းတင်ခဲ့သည် မဟုတ်လား။

✣ ✣ ✣

(၂)

ကျွန်တော် မဟာသီ၏ အကြောင်းကို စဉ်းစားပေးရင်း မြန်မာရာဇဝင်မှ မင်းတစ်ပါးအကြောင်း ဖျတ်ခနဲ သတိရလိုက်သည်။

အလောင်းစည်သူမင်း ဖြစ်သည်။

တစ်ခါသော် အလောင်းစည်သူမင်း လက်ဖျဉ်းကျနေသည်ကိုမြင်၍ မှူးမတ်အချို့ကအသက်ကြီးပြီဟု ပြောဆိုကြ၏။ အသက်ကြီးပြီဖြစ်သဖြင့် စွမ်းဆောင်ရည်အား ကျပြီဟု ဆိုခြင်းဖြစ်၏။ ဤစကား မင်းကြီးကြားသော်… ''ငါ မအိုသေးကြောင်း ပြသင့်ပြီ''ဟု ဆင်ခြင်မိ၏။

''အို… မင်းချင်းတို့၊ ဦးပေါင်းစင်းနှင့် မြင်းညိုစီးသူတစ်ဦးသည် ငါ့ဘိုင်းပြည်အား အံတုနေပြီဟု ကြားရ၏။ သင်တို့ နှိမ်နင်းလော့''

ဟု မင်းတရားက မင်းချင်းတို့အား မိန့်ကြား၏။ မင်းချင်းတို့ မြင်းညိုရှင်အား နှိမ်နင်းရန် နေပြည်တော်မှ ထွက်ကြပြီ။ ထိုအတူ အလောင်းစည်သူမင်းသည်လည်း ငါ၏စွမ်းဆောင်ရည်မကျ

သေးကြောင်း ပြသရန် အချိန်ကျပြီဟု စဉ်းစားပြီး မင်းချင်းတို့နှင့် ရင်ဆိုင်၏။

မင်းချင်းတို့ မယုံနိုင်။

ထို့ကြောင့် မင်းတရားက ညီလာခံသဘင်တွင် ထို အကြောင်းအား မြွက်ကြား၏။ ငါ မအိုသေးဟု ကြွေးကြော်၏။ ထို့အတူ မင်းတရားကြီးက မင်းချင်းတို့အား…

"အသက်အရွယ် ဆိုတာ ကိန်းဂဏန်းပြဆိုချက် သတ်မှတ် ချက်ပဲ၊ လူတစ်ဦးရဲ့ စွမ်းဆောင်ရည်နဲ့ စိတ်ဓာတ်အင်အားကို အသက်အရွယ်နဲ့ နှိုင်းဆလို့ မရဘူး"

ဟု ရှင်းပြခဲ့သည်။

ယခုလည်း မဟာသီသည် ရွေးကောက်ပွဲရလဒ်နှင့် အတူ သူ၏အမြင် မှန်ကန်မှု၊ ကြည်လင်မှု၊ စေတနာမှန်မှုတို့က ပြည်သူ တို့အားပြသနိုင်ခဲ့ပြီ။

"ကျုပ်ဟာ အသက်အရွယ်အရ၊ အရွယ်ခွန်အားအရ လူငယ် တွေနဲ့ ယှဉ်လို့ရချင်မှ ရမယ်၊ ဒါပေမဲ့ အမြင်မှန်ကန်ကြည် လင်မှုနဲ့ စေတနာ-ပြဋ္ဌာန်းမှု၊ မျိုးချစ်စိတ် အရတော့ ကျုပ် ကို သူတို့ လိုက်မမီနိုင်ဘူး"

ဟု သူ ဆိုခဲ့၏။

"ကျုပ်အသက်အရွယ်အရ ကျုပ်သက်တမ်းပြည့် လုပ်နိုင် ချင်မှ လုပ်နိုင်မယ်။ ဒါပေမဲ့ လုပ်နိုင်သလောက် လုပ်ရာ မှာလည်း ကျုပ်ရဲ့အမြင်ကြည်လင်မှုနဲ့ စွမ်းဆောင်ရည်ကို

လျှော့မှာ မဟုတ်ဘူး။ တာဝန်ကျေအောင် လုပ်မယ်။ တာဝန်သိသူတွေကို လမ်းဖွင့်ပေးဖို့ အမြဲမျက်စိဖွင့်ထားမယ်၊ ကျုပ်ကတော့ နေရာပေးသင့်သူကို နေရာပေးဖို့ အခွင့်သင့်ပဲ''

ဟု ပြော၏။

စင်စစ် မဟာသီက မလေးရှားနိုင်ငံ၏ အမှတ်သညာလည်း ဖြစ်၏။

မလေးရှားနှင့် မဟာသီသည် ခွဲခြားလို့လည်း မရပေ။

ပြောရလျှင် မဟာသီသည် မလေးရှား၏ သက်တမ်းရင့် ဝန်ကြီးချုပ် ဖြစ်၏။

သူသည် ရွေးကောက်ပွဲ ရှုံးနိမ့်၍ နိုင်ငံရေးလောကမှ ထွက်ခွာခဲ့သူလည်း မဟုတ်။

မဟာသီသည် မလေးရှားနိုင်ငံအား အာရှကျားတစ်ကောင်အဖြစ် မွေးဖွားပေးခဲ့သူ။

အရှေ့အတွက် ကဏ္ဍသစ်တစ်ခု ဖွင့်ပေးခဲ့သူလည်း ဖြစ်၏။

''ကျုပ်ဟာ ဆရာဝန်တစ်ယောက်ပါ၊ ကျုပ်ဟာ လူ့အသက်ကယ်ရင်း လူတွေရဲ့ချစ်ခင်မှုကို အများကြီး ရယူနိုင်တယ်၊ ကျုပ် ဆရာဝန်ဖြစ်ပြီး ဆေးမကုဘဲ နိုင်ငံရေးဘက် ကူးခဲ့တာက ပြည်သူတွေရဲ့ လူမှုဘဝ ဖူလုံဖို့ပဲ၊ မလေးရှားနိုင်ငံနဲ့ ပြည်သူ့ဘဝ တိုးတက်စေချင်လို့ပဲ''

ဟု သူ အမြဲပြော၏။

သူသည် မလေးရှားနိုင်ငံအား ကမ္ဘာ့အလယ်၌ ဝင့်ထည်လာစေရန် ဖန်တီးစွမ်းဆောင်ခဲ့ပြီးနောက် သူ နိုင်ငံရေးမှ အနားယူခဲ့သည်။

သို့သော် မလေးရှားနိုင်ငံ၏ နိုင်ငံရေးသမားတွေ နိုင်ငံရေးကစားကွက် ထွင်ပုံတွေ မှုမမှန်တော့ သူ အတိုက်အခံအဖြစ် နိုင်ငံရေးလောကတွင်းသို့ ပြန်ဝင်ခဲ့၏။

အာဏာရပါတီနှင့် ရင်ဆိုင်ယှဉ်ပြိုင် အနိုင်ယူခဲ့။ သူက အသက်ကြီးပေမယ့် မပျက်စီးသေး။ အမြင်ကြည်လင် စေတနာမှန်သူ ဖြစ်သော်လည်း အသက်အရွယ်အရ သူက ခါချဉ်ကောင်မာန်ကြီး တောင်ကြီးဖြိုမယ်ကြံ ခါးကမသန် ဟူသည့် စကားနှယ်ဖြစ်နေပြီ။

မည်သို့ဆိုစေ၊ သူက လူမှန်သလို စေတနာမှန်သည်။ ထို့ကြောင့် မသန်ပေမယ့် စွမ်းနိုင်သမျှတော့ နိုင်ငံအတွက် စွမ်းဆောင်ဦးမည်ဟု ယုံသည်။

နေစိုးထက်

(၁)

## ဘဝသီသဖြင့် အလှရှိခဲ့သူ

လောကတွင် လူ့ဘဝ လူ့လောကအကြောင်းကို သေချာစွာ ဆန်းစစ်ကြည့်လျှင် လူ့ဘဝနှင့် လူ့အလှကို သိသူတိုင်းတွင် သာမန်လူနှင့် မတူညီသောအချက် ရှိနေသည်ကို တွေ့ရသည်။

မဟာသီယာ၏ ဘဝကို ပြန်ကြည့်လျှင် မဟာသီယာသည် လူ့ဘဝ လူ့လောကနှင့် အလှတရားကို သိသူဖြစ်သည်။

သူသည် အတွက်ထက် ပရကို ဦးစားပေးသူဖြစ်၏။ တစ်ဦး တစ်ယောက် အကျိုးထက်၊ တစ်ရာ တစ်ထောင် အကျိုးကို အလေး ထားသူ ဖြစ်၏။

ပြီးတော့ မဟာသီယာနှင့် အခြားသူများ ကမ္ဘာကို ရှုမြင်ပုံ ချင်း မတူညီသည်ကို တွေ့ရမည်ဖြစ်၏။

မဟာသီယာက...

"လူတွေဟာ အရာရာကို အပေါ်ယံကလေး ရှုပ်ကြည့် ကြတယ်။ အလေးအနက် မစဉ်းစားကြဘူး။ တစ်ခုခုဖြစ်ပြီ

ဆိုရင် ဒါဟာ စနစ်ကြောင့်လို့ ပြောကြကယ်။ ဒါဟာ အမှားပဲ'' ဟု ပြောသည်။

''တကယ်တော့ စနစ်ဆိုတာ လက်ညှိုးထိုးခံ မဟုတ်ဘူး၊ ဖြစ်စဉ်အားလုံးမှာ အကျိုးဆက် အကြောင်းဆက်ဆိုတာ ရှိတယ်'' ဟု သူက ပြောသည်။

''ကျွန်တော် မလေးရှားကို တိုးတက်စေချင်တယ်။ ကမ္ဘာ့အလယ်မှာ ဝင့်ထည်စေချင်တယ်။ ဒီလိုစိတ်ဓာတ်တွေ ကိန်းအောင်းလာတာ အကြောင်းမဲ့ မဟုတ်ဘူး''

မှန်တော့ မှန်သည်။ မဟာသီယာသည် အရှင်မွေး နေ့ချင်းကြီးလာသူ မဟုတ်။ သူက စစ်ကို ကြုံဖူးသလို၊ ခြပ်ုလိုဘဝမျိုးလည်း ကြုံတွေ့ခဲ့သည်။

'' အတွေ့အကြုံဟာ အရောင်ကို တက်စေတယ်၊ အတွေးအမြင်၊ အတွေ့အကြုံ မရှိရင် ဘယ်တော့မှ လောကအမြင် မကြည်လင်နိုင်ဘူး''

''ပြောရရင် အတွေ့အကြုံဆိုတာ ဘဝရဲ့ အင်အားတစ်ခုပဲ၊ ဒီအင်အားကို ဆန်းစစ်ခြင်းနဲ့ အရောင်တင်ဖို့ လိုတယ်'' ဟု သူ ပြောခဲ့သည်။

✣ ✣ ✣

စင်စစ် မဟာသီယာက အတွေ့အကြုံကို ရှာဖွေသလို၊ အတွေ့အကြုံကို ဆန်းစစ်ဝေဖန်ခြင်းနှင့် အမြဲတမ်း အရောင်တင်ဖို့ ကြိုးစားနေသူဖြစ်သည်။

"ဦးဆောင်သူဟာ ဦးဆောင်သူ ပီသဖို့ လိုတယ်။ နောက်လိုက်လို နေလို့မရဘူး၊ ပြီးတော့ ကိုယ့်ရဲ့ ကြုံတွေ့မှုတိုင်းကို ကိုယ့်ပြည်သူ တွေ့ကြုံမှုတွေနဲ့ နှိုင်းဆရမယ်။ ကိုယ့်ရဲ့ ခါးသီးတဲ့ ခံစားမှုမျိုး ပြည်သူ မခံစားရအောင် ကြိုးစားရမယ်"

ဟုပြောသည်။

စင်စစ်၊ မဟာသီယာသည် ဗြိတိသျှတို့ အုပ်စိုးမှုဒဏ်ကို အကြီးအကျယ် ခံစားခဲ့ရသူဖြစ်သည်။ သွေးခွဲအုပ်ချုပ်ခြင်း၏ ဆိုးကျိုးကို သူ သိခဲ့သူ။

"ဒီတုန်းက မလေးရှားပြည်သူတွေဟာ ဗြိတိသျှရဲ့ အုပ်စိုးမှုအောက်မှာ ဒုက္ခကြီးငယ်နဲ့ နေခဲ့ရတာ၊ ဒီလိုအဖြစ်၊ ဒီလို ခံစားမှုမျိုး ပြည်သူတွေ မခံစားစေရဘူး"

ဟု သူက ပြောသည်။

"တကယ်တော့ လောကမှာ အသားစားဖူးကဲ့ကျားဟာ အသားပဲ စားချင်တာ၊ ပြီးတော့ စကားအရသာ ဥပုသ်စောင့်

တဲ့ကျားဆိုတာ ရှိတာ၊ အပြင်မှာ မရှိဘူး။ အဲဒီလိုပဲ နယ်ချဲ့အရင်းရှင်တွေဟာ နယ်ချဲ့ခြင်းရဲ့ ရလဒ်နဲ့ အမြတ်ကြီးစားခြင်းရဲ့ အရသာကို သိနေသူတွေဖြစ်လို့ ဒီအရသာကို ဆက်လက်ခံစားရဖို့ ကြိုးစားမှာပဲ၊ ကြိုးစားမှုနေရာမှာ ကြိုးစားပုံခြင်းသာ ခြားနားသွားမှာ"

မဟာသီယာသည် ကိုယ်တွေ့ကြုံလာသူတစ်ဦး ဖြစ်သဖြင့် သူတို့အကြောင်းကို သိသလို၊ စူးစမ်းလေ့လာသူ၊ ဦးဆောင်မှုပြုနိုင်ရန် ကြိုးစားသူ ဖြစ်သဖြင့် သူတို့ခြေလှမ်းကို သိနေသည်။ ထို့ကြောင့် သူက ပြတ်သားစွာ ကြွေးကြော်ခဲ့သည်။

"မလေးရှားဟာ အနောက်အုပ်စုရဲ့ မာယာအောက်မှာ မနစ်မြုပ်စေရဘူး၊ မလေးရှားနိုင်ငံဟာ မလေးရှားပြည်သူ့အင်အားနဲ့ အောင်ပွဲခံနိုင်ရမယ်"

✤ ✤ ✤

# (၂)

## တောက်မည့် မီးခဲ

စင်စစ်မူ ကျွန်ုပ်တို့အဖို့ မဟာသီယာ၏အကြောင်းကို ပြောမည်ဆိုလျှင် မဟာသီယာ၏ အောင်မြင်မှု ရနေချိန်မှာ ဖြတ်ပြောမည်ဆိုလျှင် မှန်မည်မဟုတ်။

အကြောင်းက လူတစ်ယောက်၏ ဖြစ်စဉ်တိုင်းသည် အတိတ်နှင့် ယှဉ်တွဲနေတတ်၏။ သူ၏ ငယ်ဘဝ ဖြတ်သန်းမှုသည် သူ့အသက်ကြီးချိန် အောင်မြင်မှုရနေချိန် ဖြစ်နေဝါတတ်သောကြောင့် ဖြစ်သည်။

အမှန်ကိုဆိုသော် မဟာသီ အရွယ်ရောက်ချိန် ဤသို့ အတွေးအခေါ်၊ အယူအဆ တောက်ပြောင်ခဲ့သည်မှာ ငယ်စဉ်ဘဝ ဖြတ်သန်းမှု အခြေခံအကြောင်း ဖြစ်သည်ဟုဆိုလျှင် မှားမည်မဟုတ်။

တကယ်တော့ မဟာသီဟာ မလေးရှားပြည်သူတို့ဘဝ တိုးတက်ဖွံ့ဖြိုးစေလိုစိတ် ပြင်းထန်ခဲ့သည်မှာ သူကိုယ်တိုင် မလေးရှားပြည်သူတို့ဘဝအား စာနာနိုင်သည့် အတွေ့အကြုံရှိသောကြောင့်ဟု ဆိုရမည်။

မဟာသီယာသည် မလေးရှားလူမျိုး ဖြစ်၏။ (ပြောရလျှင် မဟာသီယာ ငယ်စဉ်အချိန်က·မလေးရှားကို မလေးရှားဟု မခေါ်ကြသေး။ အားလုံးက မလေးယားဟု ခေါ်ကြသည်။)

သူက မလေးရှားနိုင်ငံ၏ အနောက်မြောက်ဒေသ အာလော်စီတာ ချက်မြုပ်ဖြစ်၏။ သူ့ကို မွေးဖွားခဲ့သည်က ၁၉၂၅–ခုနှစ်။

သူက မွေးချင်းများ၏။ သူ့တွင် မွေးချင်း(၁၀)ယောက်ရှိပြီး သူက အငယ်ဆုံးဖြစ်သည်။ ထို့ကြောင့် သူ၏သားချင်းတွေက သူ့ကိုချစ်၏။

သူ၏မိသားစုဘဝသည် ပြည့်စုံကုန်လုံသူတွေ မဟုတ်။ အလယ်အလတ်တန်းစား လူတန်းစားလည်း မဟုတ်ဟု ဆိုရမည်။ အဘယ်ကြောင့်ဆိုသော် သူ့မိဘများ၏ အဆင့်အတန်းသည် အလယ်အလတ်တန်းစားထက် အနည်းငယ်နိမ့်သည့် လူတန်းစားဟု ဆိုလျှင် မှန်လိမ့်မည်။

ရှင်းရှင်းပြောရလျှင် မဟာသီယာတို့သည် ဆင်းရဲသားရပ်ကွက်၌ အခြေချနေထိုင်ခဲ့သည်။

မဟာသီ၏ ဖခင်ကမူ ကျောင်းဆရာ၊ စာရင်းစစ် ဖြစ်သည်

ဖခင်သည် ရှေးရိုးစဉ်လာ အစွဲကြီးပြီး အမျိုးသားရေး၊ ဘာသာရေးနှင့် မိသားစုကို ထိန်းကွပ်ထားသည်။

✣ ✣ ✣

မဟာသီတို့မိသားစုဘဝသည် နိမ့်ကျသည့် ဘဝဖြစ်သည်။ သို့သော် ချို့တဲ့စွာ မနေခဲ့ရ။ အထူးသဖြင့် ဖခင်ဖြစ်သူသည် ပညာရေးနှင့် ပတ်သက်၍မူ ဘယ်လိုအကြောင်းနှင့်မျှ နောက်ကျမကျန်ခဲ့စေရ။

"ကျုပ်ကို အများက ကံကောင်းသူလို့ ပြောကြတယ်။ တကယ်တော့ ကျုပ် ကံကောင်းတာ မဟုတ်ဘူး၊ တာဝန်သိတဲ့ ဖခင်ကောင်း ရခဲ့လို့ပဲ"

ဟု မဟာသီက ပြောဖူးသည်။

မှန်တော့ မှန်သည်။ မဟာသီ၏ ဖခင်သည် သားဖြစ်သူ မဟာသီအား ဦးစွာပထမ မလေးဘာသာ သင်သည့်ကျောင်းတွင် ထားသည်။

"တကယ်တော့ လူတွေက ကိုယ့်လူမျိုးရဲ့ ဘာသာစကားကို အထင်မကြီးဘူး၊ ဒါအမှားပဲ၊ လူတစ်ဦးဟာ ကိုယ့်လူမျိုးရဲ့ဘာသာစကား ကျွမ်းကျင်ရမယ်၊ အထင်ကြီး လေးစားရမယ်"ဟု ပြောသည်။

မဟာသီဖခင်က ပြောသလိုပင်၊ ဦးစွာပထမ မလေးဘာသာသင်သည့်ကျောင်းတွင် ထားပြီးနောက် အင်္ဂလိပ်ဘာသာအဓိကကျောင်းသို့ တက်စေသည်။

ထိုကျောင်းတွင် ကျောင်းလခအဖြစ် မလေးငွေ သုံးရင်းဂစ် ပေးရသည်။ နည်းသည့်ငွေ မဟုတ်။ သို့တစေ ဖခင်က ညည်းညူခြင်းမရှိ။

ဤနေရာတွင် အကြောင်းတိုက်ဆိုင်လာသဖြင့် မဟာသီ၏ မိခင်၊ ဖခင်တို့၏ အကြောင်းကို ပြောလိုသည်။ မဟာသီ ကံကောင်းသည်က ဖခင်ဖြစ်သူက ပညာရေးကို အလေးထားသူဖြစ်သလို မိခင်ဖြစ်သူက ဘာသာရေး အလေးထားသူ၊ အမျိုးသားရေး အမြင်ရှိသူပင်။

"လူ့ဘဝရဲ့ တိုးတက်အောင်မြင်မှုအတွက် အမျိုးသားရေးနဲ့ ဘာသာရေးကို အလေးထားရမယ်။ အမျိုးသားရေးဟာ တိုင်းရေး ပြည်ရေး၊ တိုင်းချစ် ပြည်ချစ်စိတ်ကို ထာဝရ ရှင်သန်စေသလို ဘာသာရေးဟာ ယဉ်ကျေးလိမ္မာခြင်းကို ဖြစ်စေတယ်"

ဟု သားကို အမြဲပြောသည်။

ထို့အတူ အမေသည် သားကို ကိုယ်တိုင် "ကုအန်ကျမ်း" သင်ပေးသည်။ အမေကိုယ်တိုင်က ဘာသာရေးဆရာတစ်ဦးနှင့် မဟာသီအား ဘာသာရေးစာကို သင်စေပြီး အစ္စလာမ်ဘာသာနှင့် ပတ်သက်သည့် လုပ်ထုံးလုပ်နည်းများကို တိကျစွာ သင်ပေးခဲ့၏။

မဟာသီတို့ မိသားစုသည် ဘာသာရေး ပြင်းထန်သူများ မဟုတ်ကြ။

မဟာသီတို့မိသားစု၏ အဓိကရည်ရွယ်ချက်မှာ လူတိုင်းသည် တိုင်းချစ်ပြည်ချစ်စိတ် ရှိရမည်။ ယဉ်ကျေးလိမ္မာသူ၊ ကိုယ်ချင်းစာတရား ထားတတ်သူ ဖြစ်ရမည်။ ခံယူချက် ရှိသည်။

သူတို့မိသားစုသည် လူတိုင်းကို ကြင်နာစာနာမှုအပြည့်နှင့် ဆက်ဆံသည်။ လူလူချင်း ရိုင်းပင်းမှုမရှိဘဲ ကိုယ်ကျိုးရှာသူကို မုန်းတီးသည်။

မဟာသီ ဘဝအတွက် ထူးခြားသည့် ကံကောင်းမှုက မဟာသီသည် စည်းကမ်းကြီးပြီး စည်းကမ်းရှိမှုကို အလေးထားသည်။ ကိစ္စအဝဝကို အချိန်နှင့် တပြေးညီ လုပ်ကြရန် အစဉ်သတိပေးနေ၏။

ထို့ကြောင့် မဟာသီက သူ၏ဖခင်နှင့် မိခင်အကြောင်းကို ဤသို့ ပြောပြခဲ့၏။

"ကျွန်တော့်ရဲ့ ကံကောင်းမှုက ကျွန်တော့်မှာ အချိန်ကို တန်ဖိုးရှိစွာ အသုံးချတတ်တဲ့ ဖခင်နဲ့ မျိုးချစ်စိတ်နဲ့ ဘာသာရေးအတွက် အပြည့်အဝပေးတဲ့ မိခင် ရှိနေခြင်းပဲ"

ဟု ပြောသည်။ ထို့အတူ မဟာသီက...

"ခင်ဗျားတို့ စဉ်းစားကြည့်လေ၊ ဒီကနေ့ ကျွန်တော် မလေးရှားတိုင်းပြည်နဲ့ ပြည်သူ့ဘဝ လုံခြုံအေးချမ်းအောင် စွမ်းဆောင်နေတာ မျိုးချစ်စိတ်ကြောင့်ပဲ၊ ပြီးတော့ ဘာသာရေးကြောင့် ကျွန်တော် အတွေးကောင်း၊ အကြံကောင်းတွေ ရှိနေတာ" ဟု ရှင်းပြသည်။

မဟာသီ၏ဖခင်သည် သားသမီးကို ချစ်၏။ သို့သော်… အချိန်နဲ့ အလုပ်လုပ်ရန် အမြဲသတိပေး၏။ စားချိန်စား၊ ကစားချိန် ကစား၊ စာကျက်ချိန် ကျက်ရ၏။

အချိန်မဲ့ အလုပ်လုပ်သည်ကို ခွင့်မပြုခဲ့။

✣ ✣ ✣

# (၃)

## ကျေးရူးကြီးလှ မိနှင့်ဖ

စင်စစ် မဟာသီ၏ မိဘများသည် စံပြုထိုက်သည့် မိဘများဖြစ်၏။

မဟာသီ၏ ဖခင်သည် လူထူးလူဆန်းဟုလည်း ပြောလို့ရသည်။ မဟာသီ၏ဖခင်သည် သားသမီးတို့ အနာဂတ်အရေးကို အစဉ်တွေး၏။

စည်းကမ်းရှိရန် အမြဲသွန်သင်၏။

"စည်းကမ်းဟာ လူ့တန်ဖိုးပဲကွ၊ စည်းကမ်းမရှိရင် ဘယ်တော့မှ မတိုးတက်ဘူး"

ဟု ပြောတတ်၏။

"လောကမှာ လူတန်းစေ့တဲ့လူ၊ လူ့အဖိုးတန်ဖြစ်ဖို့အတွက် အချိန်ကို တန်ဖိုးထားရမယ်၊ သူ့အချိန်နဲ့သူ အလုပ်ကို လုပ်တတ်ရမယ်၊ ကျောင်းသားဘဝမှာ စာကျက်ချိန်နဲ့ ကစားချိန် မရောထွေးရဘူး၊ အဲဒီလိုပဲ လုပ်ငန်းခွင်ရောက်ပြီဆိုရင်လည်း အလုပ်ချိန်ကို လေးစားရမယ်"

ဟု ပြောဆို ဆုံးမ၏။ ပြီးတော့ ဖခင်ဖြစ်သူက ''လုပ်ငန်းခွင်မှာ စည်းကမ်းရှိသူဖြစ်ဖို့ ငယ်ဘဝမှာ မိဘစကား နာခံတတ်သူ ဖြစ်ရမယ်''ဟု သွန်သင်၏။

မဟာသီ၏ဖခင်သည် နူတ်စောင့်စည်းသူလည်း ဖြစ်၏။ မဟာသီ၏ဖခင်သည် အလုပ်ကို စေ့စပ်သေချာစွာ လုပ်၏။

သူ၏ထူးခြားချက်က သူသည် မည်သည့်အခါကမှ နိုင်ငံရေးကို မပြောသလို၊ အနာဂတ်အကြောင်း ပြောသည့်အလေ့အထလည်း မရှိ။

တစ်ခုတော့ရှိသည်။ မဟာသီဖခင်သည် မလေးရှားနိုင်ငံ အနှံ့သို့ ရောက်၏။

မလေးရှားနိုင်ငံသားများ ပညာတတ်မြောက်ရေးအတွက် အမြဲတမ်း ကြိုးစားနေ၏။

၎င်းအား အစိုးရက အလွန်တရာ ဝေးသီခေါင်လှသည့် နေရာများသို့ စေလွှတ်ကာ ကျောင်းများဖွင့်စေသည်။

သူ မညည်းညူခဲ့။

သူသည် စေခိုင်းသည့် နေရာများကိုသွားကာ ပေးသည့် တာဝန်ကို ကျေပွန်စေခဲ့သည်။ သို့နှင့်သူသည် နေရာဒေသများစွာသို့ ရောက်ခဲ့၏။

သူသည် ယင်းသို့ နေရာများစွာကို ပြောင်းရွှေ့တာဝန်ယူရင်းမှ ကီးဒါးပြည်နယ်၊ အာလော်စီတာမြို့သို့ ရောက်ပြီး ထိုမြို့၌ အခြေချခဲ့၏။

ဤအချက်သည် ထူးခြားချက်ပင်။

အဘယ့်ကြောင့်ဆိုသော် မလေးရှားနိုင်ငံသား အများအပြားသည် ဒေသကို ချစ်၏။ ဒေသကို သံယောဇဉ်ကြီး၏။ ဇာတိမြေကို ခွဲလိုစိတ် မရှိကြ။

သို့တစေ မဟာသီ၏ဖခင်သည် ခရီးသွားခြင်းကို ဝါသနာထုံ၏။ မလေးရှားပြည်သူတို့ တိုးတက်ရေးအတွက် မိမိလည်း တစ်တပ်တစ်အား ပါဝင်သင့်သည်ဟု ခံယူချက်ရှိ၏။

ယင်းသမို့လည်း မဟာသီ၏ဖခင်သည် ဝေးလံသီခေါင်သည့် နေရာများသို့သွားကာ မလေးရှားနိုင်ငံသားတို့ အနာဂတ်အတွက် ဖြည့်ဆည်းပေးခဲ့၏။

စင်စစ် ယခင်အခါများက မိခင်၊ ဖခင်တို့၏ လုပ်ရပ်နှင့် သားသမီးတို့အပေါ် ထားရှိညွှန်ကြားမှုများက နားမလည်နိုင်စရာ ဖြစ်သော်လည်း နောင်အခါ စေတနာကို နားလည်လာခဲ့သည်။

အဘယ်ကြောင့်ဆိုသော် မိမိတို့၏ မိဘနှစ်ပါး၏ စည်းကမ်းရှိမှု၊ ကြိုးပမ်းလိုစိတ် ထက်သန်မှုများမှာ မိမိနှင့်တကွ၊ မိမိ၏ အစ်ကို အစ်မများအတွက် သင်ခန်းစာများ ဖြစ်ခဲ့သည် မဟုတ်လား။

ထို့ကြောင့် မဟာသီသည် မိခင်၊ ဖခင်တို့နှင့် ပတ်သက်၍ အမြဲအစဉ် လေးစားဂုဏ်ယူနေခဲ့သည်ပင်။

ဩော်.. ကျေးဇူးကြီးလှ မိနှင့် ဖ။

✤ ✤ ✤

(၄)

# ဆယ်ကျော်သက်ဘဝ ပုံရိပ်နှင့် မလေးကျွန်းဆွယ်အပေါ် ဗြိတိသျှအုပ်ချုပ်ရေး

မဟာသီ၏ ငယ်ဘဝသည် ထူးထူးထွေထွေ မရှိ၊ ငယ်စဉ်က မိဘနှစ်ပါး၏ ပုံသွင်းသည့် ဖယောင်းရုပ်လေးနှယ် ရှိ၏။ ပညာရေးအတွက် အဓိကထားနေရသည်။

မဟာသီဘဝတွင် ဆယ်ကျော်သက်အရွယ်တွင် အကြံအစည်ဟူ၍ ထူးထူးခြားခြား မရှိပေ။ သို့ပါသော်လည်း သူသည် အလယ်တန်းသို့ ရောက်သောအခါ နိုင်ငံ့ဝန်ထမ်းဖြစ်လိုသည့်ဆန္ဒသည် ပြင်းပြခဲ့၏။

သို့တစေ နိုင်ငံ့ဝန်ထမ်း ဖြစ်ဖို့အတွက်မူ ခေးကွာလှသည်ဟု သိလိုက်၏။ အဘယ်ကြောင့်ဆိုသော် မဟာသီတို့၏ဆွေတော်မျိုးတော် အနွယ်တော်တို့တွင် ထူးခြားသူများမရှိ။

သူတို့မိသားစုသည် ဩဇာရှိသော မိသားစုလည်း မဟုတ်ချေ။ တစ်စုံတစ်ဦးမှလည်း ပါသည်မရှိခဲ့။ ပြီးတော့ သူတို့နေသည့်နေရာကလည်း ဩဇာရှိသည့် အသိုင်းအဝိုင်းနေသည့် နေရာမဟုတ်။

မလေးရှားတွင်ကား (ထိုစဉ်က) မနေဥစ္စာ ကြွယ်ဝသူများသည် နိုင်ငံ၏ (မြို့၏) မြောက်ပိုင်းတွင်နေကြပြီး သူတို့လို သာမန်လူများက တောင်ပိုင်းတွင် နေကြသည်။

ဥရောပတိုက်သားတို့ကမူ သူတို့နှင့် သက်ဆိုင်သည့်နေရာတွင် နေကြ၏။ ၎င်းတို့နေသည့် ရပ်ကွက်တွင် သီးခြားကလပ်များ ဂေါက်ကွင်းများရှိ၏။ မည်သူနှင့်မျှ ရောထွေးနေသည်မရှိ။

✣ ✣ ✣

မလေးသမိုင်းကို ပြန်သုံးသပ်ကြည့်လျှင် မလေးနိုင်ငံသည် ဒုတိယကမ္ဘာစစ် မဖြစ်မီကာလ မလေးကျွန်းဆွယ်အား ဗြိတိသျှတို့က ကိုလိုနီပြုကာ အုပ်ချုပ်နေ၏။

ဗြိတိသျှတို့သည် မလေးနိုင်ငံငယ်ကလေး ဖြစ်သော်လည်း မလေးတွင် ပြည်နယ်ပေါင်းများစွာ ဖန်တီး၏။

ထို့နောက် ယင်းသို့ခွဲထားသည့် ပြည်နယ်များအား တစ်ခုချင်း ဗြိတိသျှတို့နှင့် သီးခြားစီ စာချုပ်များ ချုပ်ဆို၏။

ယင်းသို့ စာချုပ်များချုပ်ဆိုသည်မှာ ကိုလိုနီပြုရန်မဟုတ်။ ဗြိတိသျှတို့၏ ကာကွယ်စောင့်ရှောက်မှုကို ခံယူနိုင်ရန် ချုပ်ဆိုခြင်းဖြစ်သည်ဟု ဆို၏။

မလေးနိုင်ငံသည် "စောင့်ရှောက်ခံနယ်"ဖြစ်သည့် အားလျော်စွာ ဗြိတိသျှတို့သည် မလေးနိုင်ငံတွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်နှင့် နိုင်ငံခြားရေးနှင့် စစ်ရေးကိစ္စများအား ဗြိတိသျှတို့က ချုပ်ကိုင်ထားသည်နည်းတူ၊ ပြည်တွင်းရေးကိစ္စများ ကြုံလာလျှင်မူ ပြောင်ပြောင်တင်းတင်း ဝင်ရောက်စွက်ဖက်၏။

မလေးနိုင်ငံအား အလွန်အကျွံ ဖိနှိပ်သည့် အသွင်မှု မရှိစေရ။

ဒါက နယ်ချဲ့ပရိယာယ်ဟု ဆိုရမည်။

စင်စစ် ပြောရလျှင် ဗြိတိသျှတို့သည် မလေးရှားနိုင်ငံအား မဆွကတည်းကပင် ကိုလိုနီနယ်အဖြစ် သိမ်းပိုက်လိုက်နိုင်သည်။

သို့သော် သိမ်းပိုက်ခြင်းမပြုမီ ဗြိတိသျှတို့၏ အစောင့်အရှောက်ခံနယ်အဖြစ် ထားခဲ့သည်။

အုပ်ချုပ်ရေးတွင် ဗြိတိသျှတို့က ချုပ်ကိုင်ထားသည့် သဘောရှိသော်လည်း ပြည်နယ်အုပ်ချုပ်ရေးဝန်ထမ်းများတွင် အဆင့်အတန်းနှင့် လုပ်ပိုင်ခွင့်ရှိသည်ဟု အများအမြင်၌ ထင်နေစေရန် ဖန်တီးထားသည်။

ဗြိတိသျှတို့က စော်ဘွားတို့အား အုပ်ချုပ်ရေးအာဏာပိုင်များဟု ခေါ်တွင်စေခဲ့သည်။ သို့တစေ ထိုစော်ဘွားများသည် မည်သည့်အခါတွင်မျှ အုပ်ချုပ်ခွင့် မရခဲ့။

ဗြိတိသျှတို့သည် မလေးရှားနိုင်ငံသို့ 'ဘုရင်ခံ' ပို့သည် မရှိသော်လည်း၊ မပို့သော်လည်း ဗြိတိသျှအရာရှိဟု အမည်ခံထားသည့် ပုဂ္ဂိုလ်များက ဘုရင်ခံကဲ့သို့ပင် အုပ်ချုပ်၏။

၎င်း ဗြိတိသျှအကြံပေးပုဂ္ဂိုလ်ဆိုသည့် သူများ၏ အကြံပေးချက်ကို တိတိကျကျ လိုက်နာရသည်။ သွေဖည်၍ မရ။

ထိုပုဂ္ဂိုလ်များကလည်း ဘုရင်ခံကဲ့သို့ အုပ်ချုပ်၏။ ထိုသူများသည် ကိုလိုနီမကျတကျ အုပ်ချုပ်ရေးတွင် လွန်စွာကျွမ်းကျင်သူများဖြစ်၏။

၄င်းတို့သည်ခေါင်ဝေါ်ပုံတစ်မျိုး၊ လုပ်ကိုင်ပုံတစ်မျိုးနှင့် အချိုးကျစွာ လုပ်ကိုင်နိုင်သူများ ဖြစ်သည်။

ထိုပုဂ္ဂိုလ်များ၏ အုပ်ချုပ်ပုံစနစ်အား မဟာသီ ကောင်းစွာလေ့လာသင်ယူနိုင်ခဲ့သည်။

၄င်းအချက်မှာ ဥရောပတိုက်သားများသည် မိမိတို့နိုင်ငံအားထိရောက်စွာ အုပ်ချုပ်နိုင်သည် ဟူသော စိတ်ပိုင်းဆိုင်ရာ ဝန်ထုပ်ဝန်ပိုး ဖြစ်ခဲ့၏။

ပြောရလျှင် ထိုကာလက အာရှတိုက်၏ နေရာအတော်များများအား ဥရောပတိုက်သားတို့က ချုပ်ကိုင်ထားခဲ့သည်မှာ ငြင်းစရာမရှိ။

အဘယ်ကြောင့်ဆိုသော် မြန်မာနိုင်ငံနှင့် စင်ကာပူ၊ ဟောင်ကောင်တို့သည် ဗြိတိသျှလက်အောက်၌ ရှိကြ၏။ အင်ဒိုချိုင်းနားအား ဒတ်ချ်တို့က လည်းကောင်း၊ ဗီယက်နမ်၊ ကမ္ဘောဒီးယားနှင့် လာအိုနိုင်ငံများက ပြင်သစ်လက်အောက်၌ ဖြစ်သည်။

ထို့ကြောင့် မဟာသီက…

"တကယ်တော့ ပြောရရင် အာရှတိုက်သားတွေဟာ တော်မလိုလိုနဲ့ ညံ့သူတွေပဲဗျ၊ မိမိတို့ဟာ ကိုလိုနီနယ်ချဲ့ထက် ညံ့တယ်ဆိုတာ သိထားသင့်တယ်"ဟု ပြောသည်။

စင်စစ်မူ အာရှသည် မိမိကိုယ်မိမိ ယုံကြည်ကိုးစားမှု ကင်းမဲ့စပြုသည့် နေရာဖြစ်နေသည်။ အဘယ်ကြောင့်ဆိုသော် အာရှ၏စီးပွားရေးသည် ဥရောပတိုက်သားတို့၏ လက်ဝယ်၌ ရှိနေ၏။

ကုန်ကြမ်းနှင့် သယံဇာတများ ရရှိစေရန် ဖန်တီးထားသည့် စနစ်ရှင်တစ်ခုနှယ် ဖြစ်နေသည်။

✤ ✤ ✤

# (၅)

# အာရှသို့ ဓာပ်ချုပ်ရေးသစ်များ ဝင်ရောက်သိမ်းပိုက်ခြင်း

အာရှသမိုင်းကို လေ့လာလျှင် ၁၉၄၂-ခုနှစ် နောက်ပိုင်း အပြောင်းအလဲများ ရှိခဲ့သည်ကို တွေ့ရ၏။

အခြားမှ မဟုတ်။ ၁၉၄၁-ခုနှစ်တွင် ဂျပန်သည် ရုတ်တရက် ဆိုသလို အာရှတိုက်သို့ ကျူးကျော်ဝင်ခဲ့သည်။

တပ်အင်အား အလုံးအရင်းနှင့် ဝင်ရောက်တိုက်ခိုက်ခြင်း ပြုခဲ့ပြီ။

ထို့ကြောင့် အာရှသည် အပြောင်းအလဲ ဖြစ်ခဲ့၏။

တိကျစွာ ဆိုရလျှင် ဂျပန်များသည် အလုံးအရင်းနှင့် ဝင်ရောက် တိုက်ခိုက်ရာ အရာရာသည် အပြောင်းအလဲ ဖြစ်သွားခဲ့သည်။

ဂျပန်တပ်များသည် ဗြိတိသျှတပ်များအား မောင်းထုတ်လိုက်ရုံမက ကမ္ဘာကြီးအား ရှုမြင်ပုံကလည်း ပြောင်းလဲသွားခဲ့လေပြီ။

လွန်စွာ ကြောက်ရွံ့စရာ ကောင်းသော အတွေ့အကြုံဟု ဆိုရမည် ဖြစ်သည်။

မိမိတို့ အိမ်ရှိရာ အာလေဝ်စီတာမှ ကြည့်လျှင် ဗြိတိသျှတပ်တို့ ဆုတ်ခွာနေကြသည်ကို တွေ့မြင်ရပြီး ဂျပန်တို့ မြို့တွင်းသို့ ဝင်လာသည်ကို တွေ့ရပေသည်။

ဗြိတိသျှတပ်တို့သည် ဆုတ်ခွာရင်းမှ ပြည်သူတို့ အကျိုးကို ဖြစ်ထွန်းစေသည့် တံတားများကို ဖောက်ခွဲဖျက်ဆီးခဲ့၏။

ထို့အတူပင် ကျန်ရစ်ခဲ့သည့် ဗြိတိသျှတပ်များအား ဂျပန်တို့က ရက်စက်စွာ လှံစွပ်နှင့်ထိုး သတ်ဖြတ်ခဲ့၏။

ထိုအချိန်တွင် ဂျပန်တို့သည် ဗြိတိသျှတို့အား နှင်ထုတ်ရန် ဆန္ဒပြင်းပြနေသဖြင့် ပြည်သူကို လုံးဝအန္တရာယ်မပြုကြပေ။ မြို့လူထုသည် အနှောင့်အယှက်ကင်းစွာ နေရ၏။

သို့သော် နောက်ပိုင်းတွင်မူ မြို့တွင်း၌ အစာရေစာ ပြတ်လတ်မှုများ ရှိလာပြီး လုယက်မှုများ ရှိလာသည်ကို တွေ့ရ၏။ မြို့တွင်း၌ ဗရမ်းဗတာ အဖြစ်များနှင့် ရင်ဆိုင်ရချေပြီ။

ထိုအခါ မြို့တွင်း၌ နေ့ချင်း ညချင်း ဆိုသလို အုပ်ချုပ်မှု အပြောင်းအလဲ ရှိခဲ့၏။ မူလအုပ်ချုပ်ရေးမှ အုပ်ချုပ်ရေးအသစ်တစ်ခု ပေါ်ပေါက်ခဲ့၏။

မိမိတို့ တက်နေသည့် ကျောင်းကိုလည်း ပိတ်လိုက်ရ၏။ ထိုကျောင်းထက်ငယ်သော အဆောက်အအုံတစ်ခုတွင် ဂျပန်စာသင်ကျောင်းတစ်ကျောင်း ဖွင့်ခဲ့၏။

မူလအစက မိမိသည် ယင်းဂျပန်စာသင်ကျောင်းသို့ တက်လိုစိတ် မရှိခဲ့။

ထိုစဉ်က မိမိသည် အသက်(၁၆)နှစ်သာ ရှိသေးကြောင်း သတိထားမိ၏။

ထိုအချိန်က မိမိသည် ကျောင်းပိတ်ချိန်တွင် မိသားစုကိစ္စအား ကူညီသည့်အနေနှင့် ဈေးငယ်တစ်ခုတွင် ဈေးရောင်းခဲ့၏။

သို့သော် ဖခင်ကမူ ထိုကိစ္စနှင့် ပတ်သက်၍ သဘောတူညီခြင်းမရှိ။ ထိုကိစ္စသည် အခိုက်အတန့်ကိစ္စသာ ဖြစ်သည်။ ကျောင်းသားအရွယ်တွင် စာသင်ကြားခြင်းအလုပ်သာ လုပ်သင့်သည်ဟူသော ခံယူချက်ရှိသူ ဖြစ်သဖြင့် သူ့အား ကျောင်းပြန်တက်စေလိုသည်။

"တကယ်တော့ ဂျပန်ခေတ်မှာ ဂျပန်စာသင်ရတာ မဆန်းဘူးသား၊ မင်း သင်ရမယ်"

သို့ဖြင့် သူသည် ဂျပန်စာသင်ခဲ့ရ၏။

ထိုစဉ်က မဟာသီသည် အတန်းခေါင်းဆောင် ဖြစ်ခဲ့၏။ ထိုအချိန်တွင် သူသည် 'ကိုနီချိဝါး၊ ဆာယိုနာရာ' အစရှိသည့် စကားများကို ပြောတတ်ခဲ့သည်။

သို့နှယ်ပင် 'ခါတားကားဘနဂါ၊ ခန်းကြီးမဘော့ အက္ခရာများ' ကို ရေးတတ်အောင် ကြိုးစားရသည်။

ဂျပန်ကျောင်းတက်ပြီး ဂျပန်စကားကို လိုလိုလားလား သင်ကြားသင်ယူခြင်းဖြင့် သူတို့၏ အုပ်ချုပ်မှုကို သိရ၏။

သူတို့၏ အုပ်ချုပ်မှုသည် မဆိုးဝါးလှပေ။

ထိုအချိန်တွင် တရုတ်လူမျိုးများသည် အတော်ကလေး အကျဉ်းကျခံရခြင်း၊ အသတ်ခံရခြင်း ရှိခဲ့၏။ သူတို့ကမူ ဂျပန် ဝင်လာခြင်းနှင့် ပတ်သက်၍ လိုလားပုံမရ။

မိမိတို့ကမူ ဂျပန်ဝင်လာခြင်းနှင့် ပတ်သက် ငံ့လင့်ခြင်း မရှိသော်လည်း ဗြိတိသျှပြန်ဝင်လာမည်ကို ကြိုဆိုသဘောင် ရှိနေ၏။

မိမိတို့သည် အင်္ဂလိပ်စာသင်ကျောင်းများ၌ စာသင်ခဲ့ရသဖြင့် ဗြိတိသျှ စိုးမိုးချိန်တွင် အနေသက်သာသလို ရှိခဲ့သည်။

ထိုအချိန်က အသံလွှင့်ချက်များ နားထောင်ခြင်းသည် တရား ဝင် မဟုတ်သော်လည်း စစ်ရေးသတင်းများကိုမူ သိရှိနိုင်ခဲ့၏။

ဂျပန်တို့ကိုယ်တိုင်က ဥရောပတွင် ဖြစ်ပျက်နေမှုအား အသံ လွှင့်နေသဖြင့် မိမိတို့ သိသင့်သလောက် သိနိုင်ခဲ့ပြီ။

❖ ❖ ❖

သမိုင်းကြောင်းကို ပြန်ကြည့်လျှင် မလေးကျွန်းဆွယ်သို့ ဂျပန်များ သုံးနှစ်တာ ဝင်ရောက်စိုးစံသွားခဲ့၏။

ဂျပန်တို့ သုံးနှစ် အုပ်စိုးသွားခြင်းနှင့် ပတ်သက်၍ စစ်တမ်း ထုတ်ကြည့်လျှင် ခါးသီးမှုများစွာ ရှိနေခဲ့သည်။ မတရားမှုများ၊ မတရား ဖမ်းဆီးအသတ်ခံရမှုများ ရှိခဲ့၏။

သို့နှယ်ပင် ဥရောပမှ ဂျပန်ကို ပြန်တိုက်၍ အောင်မြင်ခဲ့ သည့်အခါ အာရှတိုက်သားများတွင် ထူးခြားသော ခံစားမှုတစ်ခု ရှိခဲ့၏။

ထိုခံစားမှုက အခြားမဟုတ်ပေ။

စင်စစ် ဂျပန်တို့ အာရှတိုက်အား တိုက်ခိုက်ရခြင်းသည် အာရှတိုက်အား စိုးမိုးသိမ်းပိုက်ရန်မဟုတ်၊ ဗြိတိသျှတို့ စိုးမိုးအုပ် ချုပ်မှုအောက်မှ ကယ်တင်ရန်ဖြစ်သည်ဟု ဖြစ်သည်။

ရှင်းရှင်းပြောရရင် ဗြိတိသျှတို့ ကိုလိုနီပြုခြင်းမှ ကယ်တင်ရန် ဖြစ်သည်။

အခြားကြောင့်မှု မဟုတ်ပါ။

စစ်မဖြစ်မီကာလ မလေးရှားနိုင်ငံ ဗြိတိသျှတို့လက်အောက်၌ ရှိစဉ်ကာလက ကမ္ဘာ့အမြင်တွင် မိမိတို့သည် လွတ်လပ်ရေး ရရန် ဖန်တီးနိုင်ခြင်းမရှိဟု ယူဆကြသည်။

ဗြိတိသျှတို့သည် မလေးလူမျိုးတို့အား နိုင်နင်းစွာအုပ်ချုပ်နိုင်သည်ဟု ယူဆကြ၏။ ဗြိတိသျှတို့ အုပ်ချုပ်မှ တိုးတက်မည်ဟု ယူဆကြသည်။

အခြားကြောင့်မှု မဟုတ်ပါ။

ဗြိတိသျှတို့သည် မိမိတို့ မလေးလူမျိုးများထက် သာလွန်သည်ဟု အစဉ်တွေးတော ထင်မြင်ထားကြသောကြောင့် ဖြစ်သည်။

၎င်းတို့အား နိုင်နိုင်သည့် လူမျိုးသည် ဂျပန်။ အာရှတိုက်သားများသည် ဗြိတိသျှတို့အား ထိုးနှက်နိုင်သည်ဟု ခံယူခဲ့ရ၏။

ဂျပန်တို့အား ပြန်ကြည့်လျှင် ဂျပန်ခေတ် မတိုင်မီက ဂျပန်တို့သည် ကမ္ဘာပေါ်၌ အညံ့ဆုံးပစ္စည်းကိုသာ ထုတ်နိုင်ခဲ့၏။ ဂျပန်ပစ္စည်းသည် တာရှည်မခံ၊ အညံ့ဆုံးဖြစ်သည်ဟု ယူဆကြ၏။

စစ်သည် ၎င်းတို့၏ စိတ်ထားအား ပြောင်းလဲစေခဲ့သည်လား။

သမိုင်းကို ပြန်ကြည့်လျှင် ၎င်းတို့သည် ပထမဦးဆုံး ဗြိတိသျှတို့အား နိုင်ခဲ့၏။

ဂျပန်တို့သည် အလွန်စည်းကမ်းကြီးသူများ ဖြစ်၏။ သူတို့၏ ရပ်နေပုံ၊ အလေးပြုနေပုံ၊ အထက်လူကြီးအား ပြောဆိုနိုင်မှုများသည် ခိုင်မာ၏။

မိမိတို့သည် ဂျပန်တို့ ဤသို့ရှိနေခြင်းဖြင့် ၎င်းတို့အား အထင်ကြီးခဲ့၏။ ထို့နောက် ဤမျှသော စည်းကမ်းနှင့် မည်သည့်အရာကို မဆို ဖြစ်မြောက်နိုင်သည်ဟု မိမိ ယုံကြည်မိလေသည်။

ထို့ကြောင့် ဤနောက်ပိုင်း မိမိသည် လိုလိုလားလား လုပ်ဆောင်လိုသည့်ဆန္ဒရှိကာ ဂျပန်တို့ကဲ့သို့ပင် ဖြစ်လိုသည်ကို ဖြစ်အောင် လုပ်နိုင်မည်ဟူသော အတွေးသစ်တို့ ပေါ်ပေါက်ခဲ့သည်။

မိမိတို့သည် မိမိတို့ မလေးရှားနိုင်ငံအား အုပ်ချုပ်နိုင်သည့် အရည်အချင်း ရှိသည်။

မိမိတို့သည် ဥရောပတိုက်သားများနှင့်နည်းတူ ပြိုင်နိုင်၊ နိုင်နိုင်သည်ဟု ယုံကြည်မိလေသည်။

✤ ✤ ✤

# (၆)

# ဘဝသစ်ကို မော်ထုတ်ခြင်း

စစ်ကြီးပြီးချိန်တွင် မလေးရှားလူမျိုးတို့၌ ထူးခြားသည့် ခံစားမှုတစ်မျိုး ဖြစ်ခဲ့သည်ကို အမှတ်ရသည်။

ထိုစိတ်က လွတ်လပ်ရေးကို ငံ့လင့်စိတ် ဖြစ်သည်။

စစ်မဖြစ်မီ ဂျပန်တို့သည် မိမိတို့၏ ဇာတိချက်ကြွေဖြစ်သည့် ဇာတိကီးဒါးပြည်နယ်အား ထိုင်းအစိုးရ၏ အုပ်ချုပ်မှုအောက်သို့ လွှဲခဲ့သည်ကို မမေ့နိုင်။

သို့တစေ စစ်ပြီးချိန်တွင် အားလုံးသည် ဗြိတိသျှတို့၏ သဘောကို သိချင်ကြ၏။

ဗြိတိသျှတို့ လက်အောက်ခံ စောင့်ရှောက်ခံဘဝသို့ ပြန်ရောက်လိုကြသည်။

ထိုသို့ ဗြိတိသျှတို့ ပြန်လာစေရန် မျှော်လင့်နေခိုက် ဗြိတိသျှတို့သည် မိမိတို့နိုင်ငံအား ပြန်လာစေရန် မျှော်လင့်နေ၏။

မလေးနိုင်ငံအား ရာနှုန်းပြည့် ကိုလိုနီနယ်ပယ်အဖြစ် သိမ်းသွင်းတော့မည့်အကြံနှင့် ရောက်လာသည့်အခါတွင် မိမိတို့ စိတ်အပျက်ကြီး ပျက်ရ၏။

စင်စစ်မူ ၄င်းတို့နှင့် ၄င်းတို့၏ စီမံကိန်းအား "မလေးယားပြည်ထောင်စု" ဟု ခေါ်ခဲ့သည်။

သို့သော် ရာနှုန်းပြည့် ကိုလိုနီနယ်ချဲ့သိမ်းသွင်းမှုဟုသာ အဓိပ္ပာယ်ပေါက်ခဲ့ပြီ။

ထိုအဖြစ်သည် ဗြိတိသျှတို့၏ ဆိုးဝါးသော မှားယွင်းမှု ဖြစ်ခဲ့သည်။

အကယ်၍သာ ၄င်းတို့က စောင့်ရှောက်ခံ အခြေအနေကိုသာ ပြန်လည်ဖန်တီးရန် ဆုံးဖြတ်ခဲ့လျှင် စစ်ပြီးခေတ် မလေးရှားသမိုင်းကြောင်း တစ်မျိုးတစ်မည် ပြောင်းခဲ့ပေမည်။

ဂျပန်ခေတ် စစ်အုပ်ချုပ်ရေးတွင် နှစ်ပေါင်းအတော်ကြာ နေခဲ့ရာမှ လွတ်မြောက်လာချိန်တွင် မိမိ၏အသိ၊ နှလုံးသား၌ ကိုလိုနီအဖြစ် သိမ်းသွင်းခံလိုစိတ် လုံးဝမရှိတော့ပြီ။

ယခုဆိုလျှင် မိမိအသက်သည် (၂၀)ကျော်ခဲ့ပြီ။

စင်စစ် ပြောရလျှင် ထိုနှစ်များသည် မဟာသီအတွက် နိုင်ငံရေးလုပ်ကိုင်ရန် စတင်တည်ဆောက်ရမည့် အခြေအနေဟု ဆိုရမည်။

ထို့ကြောင့် သူသည် မိတ်ဆွေအပေါင်းအသင်းနှင့် စုပေါင်းကာ နယ်ချဲ့တို့၏ နှပ်ကြောင်းပေးထားသည့် "မလေးယား

ပြည်ထောင်စု"ဆိုသည့် အဆိုကို တိတ်တဆိတ် ကန့်ကွက်ရန် စတင်လှုံ့ဆော်ခဲ့ရ၏။

မိမိတို့အား နိုင်ငံရေးလှုပ်ရှားမှုတွင် ပါဝင်ခြင်းမပြုသည့်အတွက် မိမိတို့သည် နေ့ကိုကျောခိုင်းကာ ညဘက်များ၌ လုပ်ငန်းများ စတင်ခဲ့ရ၏။

✤ ✤ ✤

စစ်ပြီးချိန်တွင်လည်း စစ်အုပ်ချုပ်ရေး အချိန်က ကျင့်သုံးခဲ့သည့် နေဝင်မီးငြိမ်းအမိန့် တည်ဆဲဖြစ်နေ၏။

ထို့ကြောင့် မိမိတို့သည် စွန့်လွှတ်၊ စွန့်စားစိတ်ဖြင့် ညလယ်ကောင်တွင် မြို့တွင်းကိုလှည့်ပြီး နိုင်ငံရေးလှုံ့ဆော်မှု ပိုစတာများ ချိတ်ဆွဲရ၏။

မိမိတို့က "မလေးယားပြည်ထောင်စု" သဘောတရားကို ချုပ်ငြိမ်းစေပြီး "စောင့်ရှောက်ခံ"အဆင့်သို့ ပြန်သွားရန် ဖြစ်သည်။ ထိုကာလများသည် အလုပ်များသည့်ကာလများ ဖြစ်ခဲ့၏။

မိမိနှင့် သူငယ်ချင်းများသည် ကိုယ့်နည်း ကိုယ့်ဟန်ဖြင့် ကျောင်းများ၊ အုပ်စုများကို စည်းရုံးနေကြ၏။

မိမိနှင့် ပတ်သက်သူများသည် ပြည်နယ်အနှံ့သို့ ကိုယ်စီလှည့်လည်ကာ ဗြိတိသျှကို ဆန့်ကျင်ရန် ပြည်သူလူထုအား လှုံ့ဆော်နေခဲ့၏။

သို့တစေ ခက်သည်က မိမိတို့သည် လွန်စွာငယ်ရွယ်သူများ ဖြစ်သဖြင့် စည်းရုံးလှုံ့ဆော်ရေးနှင့် လူထုစည်းဝေးပွဲများ ကျင်းပနည်းကို များစွာလေ့လာသင်ယူရ၏။

မိမိတို့သည် ဖိနှိပ်မှု မခံရရန်နှင့် ရန်ပုံငွေ ပြတ်လပ်မှုတို့ ကျော်လွှားနိုင်ရန် နည်းလမ်းရှာကြံရ၏။

ထိုအခါ အလွန်ကျွမ်းကျင်သည့် သူငယ်ချင်းတစ်ဦးက အာလူးနှင့် ပုံနှိပ်စာလုံးများထွင်းပြီး တရုတ်ပုံနှိပ်မင်ကို သုံးကာ ပိုစတာများ ရိုက်နှိပ်ရသည်။

ထို့အတွက် မိမိတို့သည် ကျွမ်းကျင်သည့် ကြေးစားပုံနှိပ်တိုက်များတွင် မိမိတို့စာများကို ရိုက်မည်ဟုထင်ကာ ဗြိတိသျှပုံနှိပ်တိုက်များကို စစ်ဆေးကြ၏။

အဖြေထွက် မလာခဲ့။

ထိုအချိန်တွင် မဟာသီသည် ခေါင်းဆောင်နေရာယူရမည့် အခြေ ဆိုက်ရောက်ခဲ့၏။

မိမိ နေရာယူခြင်းနှင့် ပတ်သက်၍ ကျောင်းနေဖက် သူငယ်ချင်းတို့ကလည်း သဘောတူ လက်ခံကြ၏။

မိမိသည် မည်သည့်လုပ်ငန်းမဆို အတွင်းရေးမှူး သို့မဟုတ် ဒုတိယခေါင်းဆောင်နေရာ ယူလေ့ရှိ၏။

အဘယ်ကြောင့်ဆိုသော် အဖွဲ့အစည်းတစ်ခုတွင် ဒုတိယခေါင်းဆောင်သည် စည်းရုံးရေးနှင့် အခြားအဖွဲ့များအား ဆက်သွယ်ရာတွင် အရေးပါသဖြင့် မိမိအနေနှင့် ဒုတိယနေရာသာယူပြီး ဥက္ကဋ္ဌနေရာအား တခြားသူများအား ပေးအပ်နှင်းခြင်း ဖြစ်၏။

မဟာသီ၏သမိုင်းကို ကြည့်လျှင် မဟာသီသည် "ကီးဒါးလေးရှူငယ်သမဂ္ဂ"ကို ဦးစွာတည်ဆောက်ခဲ့၏။ ထို့နောက် "ကီးဒါး မလေးသမဂ္ဂ"ကို တည်ထောင်ခဲ့၏။

စင်စစ် “ကီးဒါးမလေးသမဂ္ဂ”သည် နောင်တွင် လက်ရှိ အာဏာရ “ညီညွတ်သော မလေးအမျိုးသားအဖွဲ့”အဖြစ် ပြောင်းလဲခဲ့၏။

ထိုအဖွဲ့ တိုးတက်အောင်မြင်ခဲ့သည်မှာ မိမိ၏ ကြိုးပမ်းဆောင်ရွက်မှုကြောင့်ဆိုလည်း ငြင်းစရာ မရှိပါ။

✤ ✤ ✤

ပြည်သူသည် နိုင်ငံတစ်နိုင်ငံအတွက် အရေးပါသည်ကို မမေ့သင့်ပါ။

ပြည်သူသည် အရေးထားရမည့် လူ့အဖွဲ့အစည်းတစ်ခု ဖြစ်သည်။

မိမိတို့သည် နေ့စဉ် ပြည်သူတို့ထံမှ ကြားရသည့် မကျေနပ်မှု ပြောဆိုဝေဖန်မှုများကို အသုံးပြုပြီး ဗြိတိသျှတို့အား ဆန့်ကျင်ခဲ့ရာ ဗြိတိသျှဆန့်ကျင်ရေး ပြည်သူ့လှုပ်ရှားမှုသည် အောင်ပွဲခံနိုင်ခဲ့၏။

မိမိတို့သည် နိုင်ငံတွင် ဆန်ဈေးတက်နေ၍ ပြည်သူတို့ မကျေမနပ် ဖြစ်နေလျှင် မိမိတို့သည် ထိုအချက်ကို အခြေခံပြီး ထိုအချက်ထက် အရေးကြီးသည့် ကိစ္စအတွက် ပြည်သူကို လှုံ့ဆော်၏။

ယင်းသို့ဖြင့် ဗြိတိသျှတို့သည် ၄င်းတို့၏ "မလေးယားပြည်ထောင်စု" ဖန်တီးမှုစီမံကိန်းအား လက်လွှတ်လိုက်ရ၏။

မိမိအတွက်မူ ဤအချက်သည် မိမိတို့၏ လှုပ်ရှားမှုနိဂုံး ဖြစ်သည်ဟု မိမိအောက်မေ့ခဲ့၏။

သို့သော် ညီညွတ်သော မလေးအမျိုးသားအဖွဲ့ဝင် လူကြီးမင်းကမူ လုံးဝလွတ်လပ်ရေးအတွက် လှုံ့ဆော်ခြင်းကို စတင်ခဲ့၏။

ထို့အတူ မိမိ၏စိတ်ထဲ၌ မိမိတို့အနေနှင့် ထိုသို့ဖြစ်လာစေရန် ကျွန်ုပ်တို့ မလေးလူမျိုးများ ကြိုးပမ်း၍ မဖြစ်နိုင်ဟု ယုံကြည်ခဲ့၏။

အဘယ်ကြောင့်ဆိုသော် ထိုနိုင်ငံသည် ထိုစဉ်ကတည်းက စ၍ ယခုတိုင် လူမျိုးစုများ စုစည်းနေထိုင်သည့်နိုင်ငံ ဖြစ်နေပြီး ထိုနိုင်ငံတွင်း၌ တရုတ်နှင့် ကုလားများ အများဆုံး အုပ်စုဖွဲ့ နေထိုင်သည့်နေရာ ဖြစ်နေ၏။

လူဦးရေအနေနှင့် ကြည့်လျှင်လည်း တရုတ်နှင့် မလေးလူမျိုးတို့သည် အများဆုံးဖြစ်သည်။

စာရင်းအရကြည့်လျှင် မလေးလူမျိုးများသည် အများဆုံးဖြစ်သော်လည်း ဓနဥစ္စာ ကြွယ်ဝမှုနှင့် လုပ်ငန်းပိုင်ဆိုင်မှုတွင်မူ တရုတ်တို့က တစ်လေးသာနေသည်ဟု ဆိုရမည် ဖြစ်သည်။

ဤကဲ့သို့ပင် ထိုစဉ်က အခြေအနေကို ဆန်းစစ်ကြည့်လျှင် မလေးရှားနိုင်ငံမှ ဗြိတိသျှတို့အား မောင်းထုတ်ရန်ကိစ္စမှာ အကြီးမားဆုံး စိန်ခေါ်မှု ဖြစ်ခဲ့သည်။

ဤကဲ့သို့ပင် လွတ်လပ်ရေးရသည့်အခါတွင်မူ မိမိတို့နိုင်ငံတွင်း၌ လူမျိုးပေါင်းစုံ ရှိနေပြီး၊ နိုင်ငံတွင်း ရှိနေသည့် လူ့အဖွဲ့အစည်းအား နိုင်နင်းစွာ ထိန်းသိမ်းသွားရမည်ဆိုသော အချက်ပင်ဖြစ်၏။

✣ ✣ ✣

(၇)

## စင်ကာပူကျောင်းသားဘဝနှင့် ဖူးစာဆုံသည့်ပွဲ

ခေါင်းဆောင်ကောင်းတစ်ဦး အနေနှင့် အများလက်ခံနိုင်ရန် အထက်တန်းပညာ ဆည်းပူးရန် လိုအပ်ကြောင်း သူ ကောင်းရှာသဘောပေါက်ခဲ့ပြီ ဖြစ်သည်။

ထို့ကြောင့် သူသည် ဘဝကို လက်ချည်းသက်သက် လုပ်နေမည့်အစား စင်ကာပူသို့သွားကာ ကျောင်းတက်ဖို့ ဆုံးဖြတ်ခဲ့၏။

မဟာသီ၏ သမိုင်းကိုကြည့်လျှင် မဟာသီသည် နိုင်ငံရေးကို ဝါသနာထုံသော်လည်း နိုင်ငံရေးတွင် ပညာရေးမပြည့်စုံလျှင် အလုပ်မဖြစ်ဟု နားလည်ခဲ့သဖြင့် သူသည် ၁၉၄၇-ခုနှစ်မှ ၁၉၅၃-ခုနှစ်အထိ ပညာရေးကို ရှေ့တန်းတင်ပြီး နိုင်ငံရေးကို နောက်တန်းသို့ ပို့ခဲ့သည်။

သို့သော် သူက နိုင်ငံရေးကို ဝါသနာထုံသူ ဖြစ်သဖြင့် မလေးရှားနိုင်ငံ၏ နိုင်ငံရေးနှင့် ပတ်သက်၍ မျက်ခြည်ပြတ်ခဲ့သည် မရှိခဲ့။

လူက စင်ကာပူတွင် ပညာသင်ကြားနေသော်လည်း မလေး

ရှားနိုင်ငံရေးနှင့် ပတ်သက်၍ အောက်သက်ကြေနေသည်ဟု ဆိုရမည်။

ပြီးတော့ သူသည် မလေးရှားပြည်သူဘဝနှင့် ပြည်သူလူပ်ရှားမှုကို အလေးထားသူ ဖြစ်သဖြင့် သူ စင်ကာပူတွင်ရှိခိုက် တစ်စုံတစ်ခု ပြုရမည်ဟု နားလည်ခဲ့သည်။

ယင်းသမို့ မဟာသီသည် စင်ကာပူတွင်ရှိခိုက် အပိုဝင်ငွေရှာရန် စိတ်ကူးရသဖြင့် သူသည် ကျောင်းစာတစ်ဖက်နှင့် စာပေးစာယူ သတင်းစာသင်တန်းသို့ တက်ခဲ့သည်။

ပြီးတော့ မဟာသီသည် စင်ကာပူရှိ ဆန်းဒေးတိုင်းမ်သတင်းစာတွင် မလေးဘဝနှင့် ယဉ်ကျေးမှုအကြောင်း ဆောင်းပါးများကို ရေးသားခဲ့သည်။

သူသည် မလေးတာ်ငါသည်အမျိုးသမီးများ၏ လူမှုရေးနှင့် နိုင်ငံရေးပြဿနာများအကြောင်းကို ရေးသားခဲ့သည်။

ထိုစာမူခများအား ပေါင်းစုခြင်းဖြင့် စင်ကာပူတွင် သူ ဆိုင်ကယ်တစ်စီး ဝယ်နိုင်ခဲ့၏။

မိမိသည် နိုင်ငံရေးကို စိတ်ဝင်စားသဖြင့် ဘောင်ပြင်ရောက်ဘုရားတကာ သဲပုံစေတီတည်သလို၊ မိမိလည်း နီးစပ်ရာကျောင်းသားများအား စည်းရုံးခြင်းလုပ်ငန်းကို လုပ်ကိုင်ခဲ့သည်။

နိုင်ငံရေးကို စိတ်ဝင်စားသူများသည် နိုင်ငံရေးသက်သက်သာမဟုတ်၊ စာတော်ရန်လည်း အရေးကြီးပေသည်။

ယင်းသို့ မိမိ စင်ကာပူတွင်နေစဉ် မိမိ၏ ဇနီးကောင်းဖြစ်

သောမည့် မိမိ၏ဖူးစာရှင် ၊ စီတီဟာ့စ်မာမိုဟာမက်အလီနှင့် ဆုံတွေ့ခဲ့သည်။

သူက ရိုးရှင်းပြီး ပွင့်လင်းသူဖြစ်သည်။

သူ့မှတွင် မိန်းမများတွင် ရှိရမည့် အလုံးအထည်၊ အလှအပ အပြည့်ရှိပြီး၊ အထူးသဖြင့် သူက လူသားချင်း စာနာစိတ်ရှိသူ၊ ကြင်နာတတ်သူ ဖြစ်သည်။

မိမိ၏ ဇနီးလောင်းသည်လည်း မိမိနှယ် ကျောင်းသူတစ်ဦး ဖြစ်သည်။ ထို့ကြောင့် မိမိတို့နှစ်ဦးသည် သွားအတူ လာအတူ နေနိုင်ခဲ့၏။

မိမိတို့နှစ်ဦးသည် ပထမနှစ် မကုန်မီ အချိန်တွင်ပင် မိမိတို့အကြင်နာလမ်းသည် ဖြောင့်တန်းခဲ့၏။

မိမိတို့နှစ်ဦးသည် လက်မထပ်မီ မြန်းထားခြင်း မရှိစေကာမူ မိမိတို့စိတ်တွင်း၌ကား နောက်ဆုံးတွင် လက်ထပ်ကြမည်ဟု ယုံကြည်မှုရှိထားကြ၏။

မိမိ၏ဇနီးသည်မှာ ဆေးကျောင်းသူဖြစ်ပြီး ပညာရေး၌ ထူးချွန်သူတစ်ဦး ဖြစ်သည်။

ပညာရည်ချွန်ဆုရသူလည်း ဖြစ်၏။

ပြောရလျှင် ထိုစဉ်က သူ့ရှေ့တွင် ဆေးကျောင်းတက်သူလည်း တစ်ဦးသာ ရှိသေး၏။

၁၉၄၀-ပြည့်နှစ် နှောင်းပိုင်း ဆယ်နှစ်မပြည့်မီကာလက

မလေး အမျိုးသမီးများသည် အထက်တန်းပညာ သင်ယူခွင့်ရရှိရန် ခဲယဉ်းလှ၏။

သို့သော် မိမိ၏ချစ်သူဖြစ်သည့် "စီတီဟာစ်မာ"၏ဖခင်သည်လည်း စည်းကမ်းကြီးသူဖြစ်သည်။ သားသမီးများအား ပညာကောင်းကောင်း သင်နိုင်ရန် ကြပ်မတ်ပေးခဲ့၏။

✣ ✣ ✣

မိမိတို့ချစ်သူနှစ်ဦး စိတ်တူကိုယ်တူ လက်ထပ်ပြီးသည့်အခါ အရာရာ စိတ်တူကိုယ်တူ ရှိခဲ့၏။

သို့ဖြင့် မိမိတို့ဇနီးမောင်နှံတွင် သားသမီး လေးဦး ထွန်းကားခဲ့ပြီး ကလေးသုံးဦးကို နှစ်ဦးသဘောတူ မွေးစားခဲ့၏။

မိမိတို့ဇနီးမောင်နှံသည် ဆရာဝန်များ ဖြစ်သဖြင့် အသက်မွေးဝမ်းကျောင်းအဖြစ် ဆရာဝန်အလုပ်နှင့် အသက်မွေးခဲ့သည်။

မိမိတို့ဇနီးမောင်နှံသည် ဆရာဝန်ဘဝတွင်လည်း အောင်မြင်ခဲ့၏။

မိမိတို့မိသားစုတွင် မိမိအား မဏ္ဍိုင်အဖြစ် ထားရှိကာ မိမိဆန္ဒကို အရေးပေးခဲ့၏။

မိမိသည် မိသားစုအရေးအတွက် ဆရာဝန်အလုပ်ကို လုပ်နေရသော်လည်း စိတ်က နိုင်ငံရေးတွင် မွေ့လျော်နေ၏။

ဤသို့ ရှုပ်ထွေးလှသည့် လူ့အဖွဲ့အစည်းတွင် မိမိ၏ဇနီးဖြစ်သူ ခံယူချက်သည် လေးစားဖွယ် ကောင်းလှပေသည်။

အခက်အခဲ အပြောင်းအလွဲ ကြုံသော်လည်း ယိမ်းယိုင်သည် မရှိခဲ့။

မိမိက ဇနီးဖြစ်သူအား…

"မင်းကို တစ်ခု ပြောချင်တယ်"

"ဘာလဲ… ရှင်ပြောချင်တာ ပြောပါ၊ ဒါထက် ရှင်ပြောမှာ ရှင် နိုင်ငံရေးကို စိတ်ဝင်စားနေတာ မဟုတ်လား"

မိမိ ဘာပြောရမှန်း မသိအောင် ဝမ်းသာသွားသည်။ ဇနီးက သိတတ်လွန်းသူပင်။

"ဟုတ်တယ်ကွယ့်၊ ကိုယ် နိုင်ငံရေးလောကထဲ ဝင်ချင်တယ်၊ ကိုယ် လူတစ်ယောက်ကိုသာ မဟုတ်ဘူး၊ လူအများရဲ့အသက်ကိုလည်း ကယ်ချင်တယ်၊ နိုင်ငံရေးသမားဆိုးတစ်ဦးကြောင့် လူအများ သေစေနိုင်ပေမယ့်၊ နိုင်ငံရေးသမားကောင်းတစ်ဦးကြောင့် လူပေါင်းရာထောင်အား စိုပြည်လန်းဆန်းနိုင်တယ် မဟုတ်လား"

"ရှင့်ကို ကျွန်မ ယုံပါတယ်၊ ရှင်ဟာ ပြည်သူအများကို ကောင်းကျိုးပြုမယ့် နိုင်ငံရေးသမားကောင်းဆိုတာ ယုံကြည်ပါတယ်၊ ရှင့်ကို ကျွန်မ မတားပါဘူး"

ဟု ဇနီးက ကျေနပ်စွာ စကားဆိုခဲ့၏။

သို့ဖြင့် မိမိသည် နိုင်ငံရေးလောကတွင်းသို့ ခြေစုန်ပစ်ဝင်ခဲ့သည်။

ယင်းသို့ နိုင်ငံရေးလောကတွင်းသို့ ခြေစုန်ပစ် ဝင်ချိန်တွင် ကျွန်ုပ်တွင် ထူးခြားသည့် အတွေးအမြင်တစ်ခု ရှိခဲ့၏။

ဤကား အခြားမဟုတ်။

မိမိသည် နိုင်ငံရေးလုပ်နေသော်လည်း မိသားစုနှင့် ကင်း

ကွာခြင်းမရှိ။ မိသားစုနှင့်အတူ ဖုန်နိုင်သမျှ နေသည်။ မိမိအား နှေလယ်စာ ထမင်းစားဖိတ်လျှင်ပင် စိတ်ပျက်ခဲ့မိ၏။

မိမိအတွက် တန်ဖိုးအရှိဆုံးသည် မိသားစုဖြစ်၏။ မိသားစုကို တန်ဖိုးထား၏။ သို့ဖြင့် မိမိ၏မူဝါဒသစ်နှင့် နိုင်ငံရေးအမြင်သည် ထူးဆန်းကောင်း ထူးဆန်းနေလိမ့်မည်။

မည်သို့ဆိုစေ၊ မိမိ ကျေနပ်၏။

မိမိ၏ မူဝါဒကား နိုင်ငံရေးရှုမြင်မှုတွင် မိသားစုတန်ဖိုး အခြေပြုဝါဒ ဖြစ်နေသောကြောင့်တည်း။

✤ ✤ ✤

(၈)

## လွတ်လပ်ရေး စိန်ခေါ်မှု

ကမ္ဘာ့သမိုင်းကို ပြန်ကြည့်လျှင် အာရှတွင်သာမဟုတ်၊ ဥရောပတွင်ပါ ပြန်လည်တည်ဆောက်မှုများနှင့် မတည်မငြိမ် ဖြစ်နေမှုများကို တွေ့ရ၏။

စစ်ကြောင့် ဆိုးဆိုးဝါးဝါး ဖြစ်ကျန်ရစ်သည့် နိုင်ငံများသည် မိမိတို့နိုင်ငံ စီးပွားရေးပြန်လည်ဦးတည်ရန်အတွက် အတော်ကြိုးစား ရုန်းကန်နေရ၏။

ထို့အတူ နယ်ချဲ့လက်အောက်ခံ ဖြစ်ခဲ့သည့် အာရှနိုင်ငံများသည် မိမိတို့ဒေသအား ဥရောပနိုင်ငံများအား ဆက်လက်အုပ်ချုပ်ခွင့်ပေးသင့် မပေးသင့် မေးခွန်းထုတ်နေကြပြီ။

မိမိနှင့် မိမိမိတ်ဆွေများသည် အာရှနိုင်ငံများ၏ လွတ်လပ်ရေးကြိုးပမ်းမှုကို စိတ်ဝင်တစား နားစွင့်နေကြ၏။

မိမိတို့သည် ပါကစ္စတန်၌ ဖြစ်ပျက်နေသည်များကိုလည်း တွေ့နေရ၏။

အင်ဒိုချိုင်းနားနိုင်ငံသားတို့က ဒတ်ချ်တို့အား တွန်းလှန်ရာတွင် သုံးစွဲရန် ရန်ပုံငွေအား ပြည်သူတွေက ပေးနေပြီ။ ထောက်ခံနေကြ၏။

ဒေသတွင်းရှိ အခြားနိုင်ငံများမှ အဖြစ်အပျက်များသည် မိမိတို့အား လွှမ်းမိုးလာခဲ့ချေပြီ။

မိမိတို့ အသိုက်အဝန်းတွင် လွတ်လပ်ရေးရရာရကြောင်းကို ပြောဆိုလာကြပြီ။

"အာရှတိုက်သား"ဟူသည် ရပ်တည်မှု သဘောထားသည် ပေါ်ပေါက်ကြီးထွားလာခဲ့ပြီ။

✣ ✣ ✣

သို့ဖြင့် မလေးရှားတွင် လွတ်လပ်ရေးကြိုးပမ်းမှု ပေါ်ပေါက်ခဲ့သလို ၁၉၅၇-ခုနှစ် ဩဂုတ်လ(၃)ရက်နေ့တွင် မလေးရှား လွတ်လပ်ရေးရသည်။

မိမိသည် ၁၉၅၃-ခုနှစ်တွင် စင်ကာပူသို့ ပြန်ရောက်ခဲ့ပြီး အစိုးရဆေးရုံတွင် ဆရာဝန်အဖြစ် အမှုထမ်းဆောင်ခဲ့သည်။

မိမိသည် ပြည်သူ့ဝန်ထမ်းဘဝနှင့် နိုင်ငံရေးတွင် ပါဝင်လှုပ်ရှားခွင့် မရှိချေ။ ယင်းသမို့လည်း မိမိသည် လွတ်လပ်ရေးရခါစကာလများတွင် မပါဝင်ခဲ့။ ဘေးမှသာ ကာရံထားသည့် အခြေအနေမျိုး ရှိခဲ့သည်။

ထိုကာလက လွတ်လပ်ရေးရကာစကာလ။ ထိုကာလများတွင် ပြည်သူတို့သည် ပျော်မဆုံး ဖြစ်နေကြ၏။

သို့သော် ထိုသို့ ဖြစ်နေရာမှ မိမိနိုင်ငံကို မိမိတို့ မည်သို့အုပ်ချုပ်ရမည်ဆိုသည့် အခန်းကဏ္ဍသည် လွှမ်းမိုးခဲ့၏။

ပြည်သူတို့က "လွတ်လပ်ရေးကွာဟမှု"ကို ဖြည့်ဆည်းပေးရန် ပြောလာကြလေပြီ။

လက်ရှိတွင် ကျေးလက်ဖွံ့ဖြိုးမှုသည် နိုင်ငံ့ခေါင်းဆောင်များအတွက် အရေးတကြီး လိုအပ်ချက် ဖြစ်နေပြီ။

ပြည်သူအတွက် ဗဟိုချက်ချာကျသည့်ကိစ္စ ဖြစ်နေပြီ။

ဒီမိသည် ခိုင်ခိုင်မာမာ ဆုံးဖြတ်ရတော့မည်။ တစ်ခုရှိသည်က မိမိသည် လွတ်လပ်ရေး မရမီကလေးကပင် အစိုးရအလုပ်မှ ထွက်ပြီး ကိုယ်ပိုင်ဆေးခန်းဖွင့်ရန် ဆုံးဖြတ်ပြီးခဲ့ပြီ။

ဤအချက်သည် အရေးပါသည် မဟုတ်လား။

သို့မှသာ ကျွန်ုပ်သည် မိမိစိတ်ဆန္ဒရှိသည့် နိုင်ငံရေးကို စိတ်တိုင်းကျ လှုပ်ရှားနိုင်မည်။ နိုင်ငံရေးတွင် လှုပ်ရှားပါဝင်နိုင်မည်။ လှုပ်ရှားခွင့် ရှိသည်။

၁၉၅၇-ခုနှစ်၌ မိမိသည် အာလော်စီတာမြို့၌ ကိုယ်ပိုင် "မဟာ" ဆေးခန်းကို ဖွင့်ခဲ့သည်။

ထိုဆေးခန်းသည် ဤမြို့တွင်ရှိသည့် ဆေးခန်း(၅)ခန်းအနက် မလေးတစ်ဦးမှ ဖွင့်လှစ်သည့် ပထမဆုံးဆေးခန်း ဖြစ်ခဲ့၏။

မိမိသည် ကိုယ်ပိုင်ဆေးခန်းပိုင်ရှင်တစ်ဦးအနေနှင့် အလုပ်များခဲ့၏။ ညပိုင်းဆိုလျှင် မိမိအား ကိုယ်တိုင်လာရောက် ပင့်ဖိတ်သဖြင့် လူနာကို လိုက်ကြည့်ရ၏။

ယင်းသို့ အိမ်သို့လိုက်လာပြီး ကုသ၊ ခွဲစိတ်ကုသရလျှင်လည်း ထိုနည်းနှင့် ချမ်းသာလာမည် မဟုတ်။

ထိုအချိန်က အစိုးရ၏ ကျန်းမာရေးအာမခံစနစ်မရှိ။ ကုသနှုန်းကလည်း အလွန်ဈေးချို၏။

စမ်းသပ်မှုအတွက် သုံးဒေါ်လာ၊ ဆေးထိုးလျှင် ငါးဒေါ်လာ၊ အိမ်ပင့်လျှင် ခြောက်ဒေါ်လာရကြောင်း မှတ်မိနေ၏။

စင်စစ်မှ ဤသည်ကပင် အခြေခံကောင်း ဆိုရမည်။ မည်သည့် အခြေအနေတွင် မည်သို့ရှိနိုင်သည်ကို သုံးသပ်နိုင်၏။

ထိုစဉ် 'အီကော့နော့မစ်'သတင်းစာမှ သတင်းထောက်တစ်ဦးအား ဆရာဝန်လုပ်ဖူးသူများသည် နိုင်ငံရေးလုပ်ရန် အခြေအနေကောင်းသည်ဟု မိမိ ပြောဖူး၏။

ဆရာဝန်ဘဝမှ ရထိုက်သည့် အရည်အသွေး တစ်ခုမှာ လိုအပ်ချက်များရှိပြီး မပြည့်စုံသူများအတွက် ကရုဏာပွားမှု တာဝန်ရှိနေသည်ဟု ယူဆမှုပင် ဖြစ်၏။

ဆရာဝန်တစ်ဦးအနေနှင့် လူအများ၏ရောဂါများအပြင် စိတ်အခြေအနေကို နားလည်ရန် ကြိုးစားရ၏။

၎င်းတို့ စိတ်ဓာတ်ကျဆင်းမှုနှင့် ဝမ်းမြောက်ဝမ်းသာဖြစ်မှု သိရန် ကြိုးစားရ၏။

မိမိသည် ထိုနောက်ပိုင်း၌ ယင်းသို့နားလည်ထားမှုများသည် အသုံးဝင်ကြောင်း နားလည်ရ၏။

ယနေ့ကာလတွင် နိုင်ငံအတော်များများတွင် ရှေ့နေဘဝမှ ကူးပြောင်းလာသူ များ၏။

အတိတ်ကာလ၊ ကိုလိုနီလက်အောက်ခံဘဝကမှ ဆရာဝန်များ၏။

နယ်ချဲ့တို့ကိုယ်တိုင်ကလည်း ရှေ့နေအား နိုင်ငံရေးသင်ပေးခြင်းထက် ဆရာဝန်ဖြစ်အောင် သင်ပေးခြင်းက မှန်ကန်ကြောင်း တွေ့ရ၏။

စင်စစ်မူ လွတ်လပ်ရေးတိုက်ပွဲများ နေရာတကာ၌ ပေါ်ပေါက်လာချိန် ကာလ၌ ဆရာဝန်အတော်များများ ပါဝင်ခဲ့သည်ကို တွေ့ရ၏။

မိမိသည် ဆရာဝန်လုပ်နေစဉ်အတွင်းမှာ အမျိုးသားနိုင်ငံရေးကို အရှိန်မြှင့်ခဲ့၏။ ထို့ကြောင့် မိမိတို့၏ ဦးဆောင်ပါတီဖြစ်သည့် "ယူအင်အမ်ပို"၏ ပြည်နယ်ဆိုင်ရာများတွင် အထက်တန်းနေရာ တစ်နေရာ ပေးအပ်ခြင်း ခံခဲ့ရ၏။

မိမိသည် ဆေးကုသခြင်းအလုပ်ကို လုပ်နေသော်လည်း နိုင်ငံရေးတွင် ပါဝင်ရန် အချိန်က ရနေဆဲဖြစ်၏။

မိမိသည် မိမိဆန္ဒ၊ မိမိသဘောနှင့်အညီ လုပ်ချင်သည့် အလုပ်၊ လုပ်သင့်သည့် အလုပ်အား လုပ်ကိုင်နိုင်သဖြင့် ကျေနပ်ရသည်။

ဤအဖြစ်က ကျေနပ်စရာ အဖြစ်ပင်။

✣ ✣ ✣

# (၉)

## နိုင်ငံရေးခရီးကြမ်းနှင့် အတွေ့အကြုံများ

မိမိဘဝသမိုင်း၏ အမှတ်တရများကို ပြောပြပါဆိုလျှင် မိမိအသက်(၃၉)နှစ်အရွယ် ၁၉၆၄-ခုနှစ်၌ မိမိသည် လွှတ်တော်အမတ်ဖြစ်ခဲ့၏။

သို့သော် မိမိသည် ဆရာဝန်အလုပ်ကို မစွန့်သေး၊ မိမိအတွက် နိုင်ငံရေးကို အချိန်ပိုင်း၍ ပို၍ ပေးနေရသော်လည်း မိမိသည် မိတ်ဆွေကောင်းတစ်ဦး၏အကူအညီဖြင့် ဆေးခန်းကို ဖွင့်နိုင်သေး၏။

အမှန်စင်စစ်၊ မိမိဆေးခန်းကို လုံးဝပိတ်လိုက်သည်မှာ ၁၉၇၄ ခုနှစ် ဝန်ကြီးဖြစ်ချိန် ဖြစ်သည်။

ထိုအချိန်တွင် မိမိသည် နိုင်ငံရေးတွင် နစ်နေပြီ၊ ပြည်သူပြည်သားတို့၏ အနာဂတ်ရေးကို နေ့ညမပြတ် တွေးနေရပြီ။

မလေးနိုင်ငံနှင့် မလေးလူမျိုးတို့၏ အနာဂတ်သည် မိမိပခုံးပေါ်သို့ ကျရောက်လာသလို ခံစားရ၏။

ထို့အတူ အရင်က မတွေးဖြစ်၊ နားမလည်နိုင်သည့် ကိစ္စများကိုလည်း တွေးခဲ့၊ နားလည်နိုင်ခဲ့၏။

အခြားမှု မဟုတ်။

မိမိတို့သည် မိမိတို့နိုင်ငံအား ဆင်းရဲတွင်းမှ ဆွဲထုတ်ပြီး လူမျိုးစုများအတွက် တရားမျှတပြီး ကြီးပွားတိုးတက်သည့် လူ့အဖွဲ့အစည်း တည်ဆောက်ခြင်းသည် လွယ်ကူသည့်ကိစ္စ မဟုတ်ဟူသည်ကို ဖြစ်သည်။

စင်စစ် နိုင်ငံရေး ဆိုသည်မှာ ကြက်ဥအရောင် တိမ်တောင်သဖွယ် ဟူသည့် စကားနှယ် ဖြစ်သည်ကို နားလည်ရသည်။

မိမိကိုယ်တိုင် နိုင်ငံရေးလောကတွင် ထဲထဲဝင်ဝင် နေလာမှ မိမိနှင့် အံဝင်ခွင်ကျ မဖြစ်သည့်ကိစ္စ များစွာရှိသည်ကို သိခဲ့၏။

ရှင်းရှင်းပြောရလျှင် (မော်စီတုန်းစကားနှင့် ပြောရလျှင်) ကိုယ့်ကိုယ်ကိုယ် ဝေဖန်ရလျှင် မိမိကိုယ်မိမိ နိုင်ငံရေးပါးဝသူဟု ဆိုရမည် ထင်သည်။

နိုင်ငံရေးဟာ တရားကျင့်နေတာ မဟုတ်ဘူး၊ လှည့်တန်လှည့်ရမည်ဟု သူကြားဖူးခဲ့၏။ သို့ပါသော်လည်း မိမိကမူ အရိုးခံအတိုင်း ဖြစ်စေလို၏။

မိမိ၏ ပင်ကိုသဘာဝသည် ရိုးသားသူ ဘွင်းဘွင်းပြောတတ်သူဖြစ်၏။ ဟန်ဆောင်ပြီး မလှည့်စားချင်ပေ။

ထို့ကြောင့်လည်း တစ်ခါတစ်ရံတွင် ခေါင်းဆောင်ပိုင်းနှင့် နိုင်ငံရေးမူဝါဒ ရွေးချယ်ရာတွင် သဟဇာတမဖြစ်မှုများ ရှိခဲ့၏။

အငြင်းအခုံ ပြုရသည်လည်း ရှိခဲ့၏။

✤ ✤ ✤

မှတ်မှတ်ရရ မိမိသည် ၁၉၆၉-ခုနှစ်၌ ဒုတိယအကြိမ် ရွေးချယ်ခံခဲ့ရ၏။

ထိုအချိန်က နိုင်ငံ၏ လူများစုဖြစ်သည့် မလေးလူမျိုးများသည် လွတ်လပ်ရေးမှ ပေါ်ထွက်လာသည့် ရလဒ်ကို အစာကြေပုံမရ။ ကျေနပ်ပုံမရဟု မိမိ သုံးသပ်မိ၏။

လွတ်လပ်သည့်နိုင်ငံ ဖြစ်လာသော်လည်း ၎င်းတို့၏ စားဝတ်နေရေးကို ထူးထူးခြားခြား တိုးတက်မှု မရှိသေး။

မလေးလူမျိုး ခေါင်းဆောင်များ အစိုးရအဖွဲ့တွင် ပါဝင်နေမှုမှာ ထူးခြားသည်မရှိ။ သာမန် မလေးလူမျိုးတို့သည် ကိုလိုနီလက်ထက်ကထက် တိုးတက်မှုမရှိ။

စီးပွားရေးတွင်လည်းကောင်း၊ ပညာရေးတွင်လည်းကောင်း ခေတ်နောက်ကျလျက်ပင် ရှိ၏။

ရှင်းရှင်းပြောရလျှင် မလေးလူမျိုး လက်တစ်ဆုပ်စာလောက်သည်သာ ဥရောပတိုက်သားများပိုင်သည့် ကုမ္ပဏီကြီးများနှင့် အခြားကုမ္ပဏီများတွင် အလုပ်ရနေပြီး စီးပွားရေးကဏ္ဍတစ်ခုလုံးအား မလေးနိုင်ငံသား တရုတ်တို့က ချုပ်ကိုင်ထားသည်ကို တွေ့ရ၏။

၁၉၆၉ ရွေးကောက်ပွဲတွင် "ယူအမ်အင်အို" ပါတီက ဦးဆောင်သည့် မဟာမိတ်ညွန့်ပေါင်းအဖွဲ့သည် အခြားပါတီများနှင့် ယှဉ်လိုက်ပါက အမတ်အနည်းငယ်မျှသာ ပိုရနေ၏။

ပြည်နယ်အချို့တွင် အစိုးရပင် မဖွဲ့နိုင်ဘဲ ရှိနေ၏။

နိုင်ငံရေးလည်း တည်ငြိမ်မှု မရှိ။

ပေါက်ကွဲလုလု အခြေအနေ ဖြစ်နေ၏။

၁၉၆၉-ခုနှစ် မေလ(၁၃)ရက်နေ့တွင် လူမျိုးရေး အဓိက ရုဏ်း ဖြစ်ရာ မလေးလူမျိုးနှင့် တရုတ်တို့ ပဋိပက္ခ ဖြစ်ခဲ့၏။

မိမိသည် ထိုသို့ အဓိကရုဏ်း ဖြစ်ရခြင်းသည် 'ယူအမ်အင် အို' ပါတီထိပ်ပိုင်းခေါင်းဆောင်တို့၏ ညံ့ဖျင်းမှုကြောင့်ဟု သုံးသပ် ခဲ့ပြီး ထိုစဉ်က ဝန်ကြီးချုပ်အဖြစ် တာဝန်ယူနေသည့် 'တွန်ကူ အဗ္ဗလာမန်' နုတ်ထွက်သင့်ကြောင်း ပြင်းထန်စွာ ကန့်ကွက်ပြီး ရာထူးမှ ဖယ်ရှားပေးရန် စာရေးတိုက်တွန်းခဲ့၏။

မိမိကိုယ်တိုင်ကမူ သူတို့သည် လူမျိုးပေါင်းစုံ ပါဝင်သည့် လူ့အဖွဲ့အစည်းအတွက် မှားယွင်းသော မူဝါဒများ ရွေးချယ်ပြဋ္ဌာန်း ခဲ့ကြောင်း တင်ပြခဲ့၏။

သို့သော် မိမိ၏ ဤသို့ ဘွင်းဘွင်း ဝေဖန်မှုမျိုးကို သည်း မခံကြ။ မိမိအား ပါတီမှ ထုတ်ပယ်ခဲ့၏။

ထိုကိစ္စနှင့် ပတ်သက်၍ မိမိသည် နိုင်ငံတွင်း၌နေပြီး သုံး နှစ်တိုင်တိုင် နိုင်ငံရေးမလုပ်နိုင်ရန် အပယ်ခံခဲ့ရ၏။

၁၉၆၉-ခုနှစ်က မိမိနှင့် တွန်ကူ အပါအဝင် နိုင်ငံ့ခေါင်း ဆောင်ပိုင်း၏ အကွဲအပြဲကိစ္စ မှတ်တမ်းတင်ပြီးထားသည့် စာအုပ် များ များစွာရှိခဲ့၏။

သီးသီးခြားခြား မဖော်ပြလိုပြီ။

မိမိနှင့် နိုင်ငံ့ခေါင်းဆောင်များ၏ အဓိကလမ်းညွှန်မှုသည် အရေးကြီး၏။ ဤသည်မှာ အဓိကလမ်းညွှန်မှုပင်။

၁၉၇၂-ခုနှစ်ကမူ မိမိဘဝ၏ ထူးခြားသည့်နှစ်ဟု ဆိုရမည်လားမသိ။

ထူးခြားဖြစ်စဉ်များ ရှိခဲ့၏။

၁၉၇၂-ခုနှစ်တွင် မိမိအား ပါတီဝင်အဖြစ် ပြန်လည်လက်ခံခဲ့သလို အထက်လွှတ်တော်အမတ်အဖြစ် ပြန်လည်နေရာပေးခြင်းခံရ၏။

ထို့နောက်ပိုင်း ကာလများက မိမိ၏ဇာတာဆန်းလာဘ်တက်သည့်အချိန်ဟု ပြောရမလား မသိ။

၁၉၇၄-ခုနှစ် ရွေးကောက်ပွဲအနိုင်ရသည့်အခါ ဝန်ကြီးအဖြစ်ပထမဆုံး ခန့်အပ်ခံရပြီး ပညာရေးဝန်ကြီးဌာနကို တာဝန်ယူရသည်။

နောက် နှစ်,နှစ်အကြာ ၁၉၇၆-ခုနှစ်တွင် မိမိအား ဒုတိယဝန်ကြီးချုပ်အဖြစ် ခန့်အပ်လိုက်ခြင်းကြောင့် ၁၉၈၁-ခုနှစ်တွင် ဝန်ကြီးချုပ်ဖြစ်သည့် လမ်းကြောင်းပေါ်သို့ ရောက်သွားခဲ့သည်ဟု ဆိုရပေမည်။

✤ ✤ ✤

## (၁၀)

## ဝန်ကြီးချုပ်လမ်းကြောင်းပေါ်မှ အံ့ဖွယ်အတွေ့အကြုံများ

မိမိဘဝကို ပြန်သုံးသပ်ကြည့်လျှင် မိမိသည် ဒုတိယ ဝန်ကြီးချုပ် ဘဝမှာပင် မိမိကိုယ်တိုင် နိုင်ငံအတွက် မည်သည်တို့ကို ဆောင်ရွက်ရမည်၊ ဆောင်ရွက်သင့်သည် ဟူသည့် အကြံဉာဏ်များ စွာ ရှိခဲ့၏။

သို့သော် မှန်းချက်နှင့် နှမ်းထွက်မကိုက်ဟူသည့် စကားနှယ် အဖြစ်များလည်း ရှိခဲ့၏။

အခြားမူ မဟုတ်ပါ။

မိမိက မည်မျှပင် လုပ်ကိုင်လိုသည်ဖြစ်စေ အစိုးရအဖွဲ့တွင် မိမိသာမဟုတ်၊ အထက်ဆရာကြီးများ ရှိနေသေး၏။

ထို့ကြောင့် မိမိလုပ်ချင်သည်ကို ကိုယ်တိုင်ကိုယ်ကျ မလုပ်နိုင်ဘဲ ရှိခဲ့၏။

ယင်းသမို့ ချုပ်တည်းနေရ၏။

သို့တစေ ၁၉၈၁–ခုနှစ် မိမိဝန်ကြီးချုပ် ဖြစ်လာသည်နှင့် တစ်ပြိုင်နက် မိမိ၏ အကြံဉာဏ်များအား အကောင်အထည်ဖော်ရန် လွတ်လပ်ခွင့်ရမည်ဟု တွေးဖြစ်ခဲ့၏။

မိမိ ဝန်ကြီးချုပ်ဖြစ်လာပြီးနောက်ပိုင်း မိမိကိုယ်မိမိ ဝေဖန်ရေးကို စတင်လုပ်ဆောင်၏။

ဆန်းစစ်ကြည့်၏။

နိုင်ငံရေးကိစ္စအားလုံး အစိုးရအဖွဲ့ နေ့စဉ်လုပ်သည့် လုပ်ငန်းအားလုံး၊ အုပ်ချုပ်ရေးစနစ် ယန္တရားစနစ်များနှင့် လုပ်ပုံကိုင်ပုံများအား သေသေချာချာ ဆန်းစစ်ကြည့်ပြီး လိုအပ်သည့်အခါတွင် အကြံဉာဏ်သစ်၊ လုပ်ပုံကိုင်ပုံ နည်းသစ်တို့ဖြင့် ဖြည့်စွက်၏။

လုပ်ထုံးလုပ်နည်းများ၊ အစိုးရတို့၏ လက်စွဲများကို ရေးသားသတ်မှတ်ကာ ဝန်ထမ်းတိုင်းသည် မိမိ မည်သည့်တာဝန်၊ မည်သို့ထမ်းဆောင်ရမည်ကို တိကျစွာ သိစေရန် ဖန်တီးခဲ့၏။

မိမိတို့သည် အုပ်ချုပ်ရေး ယန္တရားအား စနစ်တကျ ဖြစ်စေရန် ဖန်တီးသည်။

ပြီးနောက် ချက်ချင်းပင် ဝန်ထမ်းများရော၊ ပြည်သူများပါ အလုပ်ကို ကြိုးကြိုးစားစား လုပ်နိုင်ပြီး နိုင်ငံကို အားသစ်လောင်းခဲ့၏။

ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခဲ့၏။

မိမိ ဒုတိယဝန်ကြီးချုပ်နှင့် ဝန်ကြီးချုပ်ဖြစ်သည့် ကာလသည် မလေးရှားနှင့် အခြားအာရှနိုင်ငံများ၌ ဖြစ်ပေါ်ခဲ့သည့် ထူးကဲသည့် လူမှုရေး၊ စီးပွားရေး တိုးတက်မှုများနှင့် ကြုံရသည်ပင်။

မိမိ ဝန်ကြီးချုပ်ဖြစ်နေသည့် ကာလတစ်လျှောက်ကို ပြန်လည်သုံးသပ်လျှင် မိမိ၏ အကြီးမားဆုံး အောင်မြင်မှုမှာ တစ်နိုင်ငံလုံး၏ အနာဂတ်ကို အလေးထား ဆောင်ရွက်နိုင်မှုပင် ဖြစ်သည်ဟု ဆိုရမည်။

ရွေးယခင်ကမူ ရေရှည်ရည်မှန်းချက် သို့မဟုတ် စီမံကိန်းများ တကယ်တမ်း မရှိခဲ့ဘဲ ပြည်သူတို့သည် တစ်နေကုန်၍ တစ်နေ့လာမည်ဟူသည့် အခြေအနေမျိုးသာ ရှိခဲ့၏။

မိမိတို့၏အစိုးရနှင့် မိမိတို့သည် ရေရှည်အမြင်ဖြင့် စီမံကိန်းရေးဆွဲကာ လူတိုင်း မိမိတို့ ဆောင်ရွက်ရမည့် ကိစ္စများကို သိရှိနားလည်စေပြီး လူတိုင်း လူတိုင်း တာဝန်အပြည့်အဝ ဆောင်ရွက်ရန် နှိုးဆော်ခဲ့၏။

လမ်းပေါ်က သာမန်လူမှ စီးပွားရေးနှင့် နိုင်ငံရေးထိပ်တန်းခေါင်းဆောင်များအထိ တာဝန်သိသိဖြင့် တိုင်းပြည်၏ အကျိုးစီးပွား၊ ပြည်သူတို့၏ အကျိုးစီးပွားအတွက် ပိုမိုကြိုးစားလာစေမည့်ဆန္ဒဖန်တီးနိုင်ခဲ့၏။

သို့ကြောင့် တဖြည်းဖြည်း အောင်မြင်မှု ရလဒ်ကောင်းများ ပေါ်ထွက်လာသည်နှင့်အမျှ ပြည်သူတို့သည် မိမိကိုယ်မိမိ ယုံကြည်

ကိုးစားမှုနှင့် အနာဂတ်ကိုလည်း ယုံကြည်ကိုးစားမှု ရှိလာသည်မှာ ကံကြမ္မာတစ်မျိုး ဖန်တီးလာသည့် ၁၉၉၇-ခုနှစ် နွေရာသီကာလ အထိ ဖြစ်သတည်း။

✤ ✤ ✤

# (၁၁)

# အာရှတိုးတက်မှုလမ်းကြောင်းများနှင့် မဟာသီ

အာရှတိုက်သမိုင်းကို လေ့လာကြည့်လျှင် အာရှတိုက်သား တို့သည် စစ်ပြီးခေတ်တွင် အောင်မြင်ဂုဏ်ယူစရာ အကြောင်းများစွာ ရှိခဲ့သည်ကို တွေ့ရသည်။

နှစ်ပေါင်း ၅၀ ထက် နည်းသည်ကား မျက်စိတစ်မှိတ် လောက်တွင် ဂျပန်သည် ဒုတိယကမ္ဘာစစ်၏ ပြာပုံမှ အင်အားရှင် အဖြစ်နှင့် ပြန်လည်ရုန်းထနိုင်ပြီး ၁၉၈၀-ပြည့် နောက်ပိုင်းတွင် အမေရိကန်ပြီးလျှင် ဂျပန်သည် ဒုတိယအကြီးမားဆုံး စီးပွားရှင် အနေနှင့် နေရာယူနိုင်ခဲ့သည်။

ဟောင်ကောင်၊ စင်ကာပူ၊ ထိုင်ဝမ် တို့သည် ရှေ့တန်းမှ "အာရှကျား"နေရာ ယူနိုင်ခဲ့သည်။

ထို့နောက် မလေးရှား၊ ထိုင်း၊ အင်ဒိုနီးရှားတို့၌ တိုးတက်မှု အရှိန်တက်လာပြီး ၁၉၉၀-ပြည့်နှစ်သို့ ဝင်သောအခါကာလတွင်

အိပ်မော့သော ဘီလူးကြီးဟု ကင်ပွန်းတပ်ထားသည့် တရုတ်ပြည်သူ့ သမ္မတနိုင်ငံသည် ဈေးကွက်ပြင်ဆင်မှု နိုးထလာပြီး အံ့သြလောက်သည့် စီးပွားတိုးတက်မှုများ ရှိခဲ့သည်။

အရှေ့အာရှ၏ အံ့သြဖွယ်တိုးတက်ခဲ့သည့် စီးပွားရေးခေတ်ကို မည်သူတို့က ဖြစ်မြောက်စေသနည်းဟု ထောက်ပြရန် မဖြစ်နိုင်ချေ။

နိုင်ငံရေး၊ ပထဝီဝင်၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုတို့သည် အပြန်အလှန် ထင်ဟပ်အကျိုးပြုလျက် သိသာထူးခြားသည့် ပြောင်းလဲမှုများ ပေါ်ပေါက်လာစေခဲ့၏။

ရှေးဦးစွာ မလေးရှားနှင့် ဂျပန် အပါအဝင် နိုင်ငံအချို့အတွက် ကိုရီးယားစစ်ပွဲနှင့် ဂျပန်စစ်ပွဲတို့က လွန်စွာအထောက်အကူ ဖြစ်သည်။

ထို့အတူ ကိုရီးယားစစ်ပွဲနှင့် အမေရိကန်တပ်များ စခန်းချရာ ရီကျူးတင်ရာဖြစ်၍ လည်းကောင်း၊ မလေးရှားသည် အလွန်အဖိုးတန်သည့် ကြက်ပေါင်စေးနှင့် ခဲမဖြူများရှိ၍ လည်းကောင်း အကျိုးသက်ရောက်ခဲ့သည်။

ဤသည်တို့မှာ စစ်၏ရက်စက်သော သဘောဖြစ်သည်။

ယင်းသို့ စစ်မြေပြင်တွင် သေကြေပျက်စီးမှုများ ရှိနေချိန်တွင် အချို့သည် စီးပွားရေး ဦးမော့ခဲ့၏။

စင်စစ်၊ ယနေ့ကာလတွင် ထောက်ပံ့သည့် နိုင်ငံများမှ

ဖွံ့ဖြိုးစပြုနေသည့် နိုင်ငံများသို့ ဝင်လာသည့် ငွေကြေးသည် ထောက်ပံ့ခံနိုင်ငံများအဖို့ အကျိုးသက်ရောက်သည် ဆိုခြင်းမှာ လျှို့ဝှက်ချက် မဟုတ်။

ထောက်ပံ့မည်၊ ပေးကမ်းသည် ဆိုသည့်သဘောဖြင့် အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့နှင့် ကမ္ဘာ့ဘဏ်တို့ ဝင်ရောက်လာမှုအတွက် ဖွံ့ဖြိုးဆဲနိုင်ငံများတွင်းသို့ ငွေကြေးဝင်လာသည်ထက် ပြန်ထွက်လာသည်က များနေသည်။

စင်စစ်မူ အထောက်အပံ့ရသူတို့သည် ပြောလိုသည်ကို ထုတ်ဖော်ပြောခွင့်မရှိ။

ထိုမျှမက ထောက်ပံ့မှုတို့က ထောက်ပံ့ခံသူတို့အား အမိန့်နာခံစေလိုသည်။

စားသောက်ကုန် အပါအဝင် သင်၏စီးပွားရေးကိစ္စ အစုံတို့သည် နိုင်ငံခြားထောက်ပံ့ကြေးအပေါ် အားထားနေရလျှင် သဘာဝအလျောက် နိုင်ငံတစ်နိုင်ငံသည် 'ကျေးစူးရှင်'ဟု ခေါ်တွင်နိုင်သည်။ ထောက်ပံ့သူများနှင့် သဘောကွဲလွဲခွင့် မရှိ။

✤ ✤ ✤

မလေးရှားသည် ထောက်ပံ့ကြေးကောင်းကောင်း မရလိုက်သဖြင့် ကံကောင်းသည်ဟု ပြောရမည်။

အမေရိကန်ငြိမ်းချမ်းရေးတပ်ဟုခေါ်သည့် အဖွဲ့က ဝင်ရောက်လာပြီး မိမိတို့၏ ပြည်သူများအား ကျွမ်းကျင်မှု အမျိုးမျိုး သင်ပေးခဲ့၏။

မိမိတို့၏ အတော်ဆုံးကျောင်းသူ ကျောင်းသားတို့အား ပညာသင်ဆု ပေးခဲ့သည်လည်း ရှိ၏။

သို့သော် မည်သည့်နိုင်ငံခြားအစိုးရများ၏ ပံ့အောကူညီမှု၊ ချေးငွေထောက်ပံ့မှုကိုမျှ အားထားမပြုခဲ့ရ။

လွတ်လပ်ရေးရစနှစ်များမှစ၍ မိမိတို့သည် မကြီးပွားနိုင်သော်လည်း မိမိနိုင်ငံအတွင်း စီးပွားရေးဖြင့် ကောင်းစွာရပ်တည်နိုင်သည့် ကြက်ပေါင်စေးနှင့် ခဲမဖြူလုပ်ငန်းများ ရှိနေပြီး မလေးရှားတွင် တရုတ်များ ရှိနေခြင်းသည် လျှို့ဝှက်မှုလို ဖြစ်နေ၏။

ရပ်တည်နိုင်သည် ဆိုခြင်းကို နိုင်ငံခြားသားတို့ နားမလည်နိုင်ကြသော လျှို့ဝှက်ချက် ဖြစ်ခဲ့၏။

တစ်ခါက မိမိအား အမေရိကန်တစ်ဦးက...

"မြို့တော်ရဲ့ ရုံးတစ်ရုံးကို ဘယ်သူဆောက်ပေးသလဲ" ဟု မေးဖူး၏။ မိမိက...

"ကိုယ့်ဟာကိုယ် ဆောက်တာ"ဟု ဖြေခဲ့သည်။

မလေးရှားတွင် တိုင်းရင်းသားများ ခမ်းခမ်းနားနား ဆောက်ထားလျှင် နိုင်ငံခြားမှ ဆောက်ပေးသည် ထင်ကြ၏။ ရယ်စရာပင်။

တကယ်တော့ တချို့က နိုင်ငံတစ်နိုင်ငံ ခမ်းခမ်းနားနားရှိလာလျှင် နိုင်ငံခြားထောက်ပံ့မှုကြောင့်ဟု ထင်ကြ၏။ မဟုတ်ပေ။ နိုင်ငံခြားမှ တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုသည်သာ အဓိကဖြစ်သည်။

ထို့ကြောင့် မလေးရှားနှင့် အာရှနိုင်ငံများမှ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို ကြိုဆိုကြခြင်းဖြစ်၏။

ကျွန်ုပ်တို့က လာရောက်ရင်းနှီးမြှုပ်နှံမည့် နိုင်ငံများအား ကြိုဆိုရမည်။

ကျွန်ုပ်တို့ အခွန်အကောက်တွေ လျှော့ပေးရမည်။

နိုင်ငံခြားကုမ္ပဏီများသည် မိမိတို့နိုင်ငံမှာထက် ကုန်ကျစရိတ် သက်သာမည်။

မလေးရှားတွင် ထို့ကြောင့် ဂျပန်ကုမ္ပဏီတို့သည် စုပြုံဝင်ရောက်လာခြင်း ဖြစ်၏။

ဂျပန်တို့သည် စက်မှုကျွမ်းကျင်မှုကိုသာ လွှဲပြောင်းပေးပြီး အဓိကအပိုင်းများကို လျှို့ဝှက်ထားသည်ဟု ပညာရှင်များက ဆိုခဲ့၏။

ဤဆိုလိုချက်သည် မှန်ကောင်း မှန်ပေလိမ့်မည်။

✤✤✤

(၁၂)

## သူ၏ စီးပွားရေးမူဝါဒသစ်

မလေးရှားတို့၏ တိုးတက်မှုကို ပြန်လည်သုံးသပ်ကြည့်လျှင် ၁၉၆၉–ခုနှစ်သည် အဓိကနှစ်ဖြစ်ပြီး လွတ်လပ်သောနိုင်ငံ၏ သမိုင်းတွင် ကောင်းသောလမ်းကြောင်းဆီသို့ လှည့်လည်သွားနေသည့်ကာလဟုလည်း ဆိုရမည်။

ဆိုရလျှင် ကွာလာလမ်ပူတွင် ၁၉၆၉–ခုနှစ် မေလ(၁၃) ရက်နေ့က အဓိကရုဏ်းဖြစ်ပြီး နိုင်ငံ့ခေါင်းဆောင်ပိုင်းက တုန်လှုပ်ခဲ့၏။ ကိုယ်တိုင်ပင် အာဏာရ 'ယူအမ်အင်အို' ပါတီမှ ထုတ်ပယ်ခံခဲ့ရ၏။

၄င်းကိစ္စ ပြဿနာသည် နိုင်ငံရေးကိစ္စသက်သက် မဟုတ်။ အဓိကရုဏ်းများသည် လူမျိုးစုများ စုပေါင်းထားသည့် လူ့အဖွဲ့အစည်းကို အုပ်ချုပ်ရေး ခက်ခဲကြောင်း ပြသနေ၏။

ထို့ပြင် တရုတ်များနှင့် အခြားဆင်းရဲသော လူမျိုးစုများ အထူးသဖြင့် မလေးများအကြားတွင် ကျယ်ပြန့်သော သဘောကွဲလွဲမှုများကြောင့်လည်း ဖြစ်နိုင်သည်။

ထိုဖြစ်ရပ်ကြောင့် မလေးနိုင်ငံသားများ မျက်စိကျယ်လာသည်။ ကျွန်ုပ်တို့ လူမျိုးရေးဆိုင်ရာ တင်းမာမှု အန္တရာယ်နှင့် လူမှုရေးကွာဟမှု အန္တရာယ်က နိုင်ငံအား တကွဲတပြား ဖြစ်စေနိုင်သည်ကို သဘောပေါက်ရမည်။

မလေးရှားနှင့် အခြားသော ပင်လယ်ရပ်ခြား တရုတ်များသည် ကုန်သည်များ၊ ကုန်စုံဆိုင်ရှင်များအဖြစ် လုပ်ငန်းစတင်ပြီး စီးပွားရေးအမြင် ကျယ်လာသည့်အပြင် ဥစ္စာဓနေ ကြွယ်ဝခဲ့သည်။

မလေးနိုင်ငံ လူဦးရေ သုံးပုံတစ်ပုံခန့်သည် တရုတ်များ ဖြစ်နေကြ၏။

သို့သော် ၁၉၆၀-ပြည့်နှစ် နှောင်းကာလတွင် နိုင်ငံ၏စီးပွားရေးလုပ်ငန်း အများစုတို့သည် ၎င်းတို့လက်သို့ ရောက်နေပြီ။

လူဦးရေ ၅၆ ရာခိုင်နှုန်းသည် မလေးရှားတို့အထဲမှ အများစုသည် တောင်သူလယ်သမားများဖြစ်ပြီး၊ စီးပွားရေး၊ ရောင်းဝယ်ရေးကို စိတ်ဝင်စားသူ အနည်းငယ်သာရှိ၏။

၁၉၆၀-ပြည့်နှစ် နှောင်းကာလ မကုန်မီ တစ်နိုင်ငံလုံးတွင် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း ရာဂဏန်းကိုသာ မလေးတို့ ပိုင်ဆိုင်ကြောင်း မှတ်သားရ၏။

၁၉၆၄-ခုနှစ်တွင် မလေးရှားသည် စိုက်ပျိုးရေးနိုင်ငံဘဝ၌သာ ရှိသေး၏။

စီးပွားရေးလုပ်ငန်းများမှာ ခဲမဖြူလုပ်ငန်း၊ ကြက်ပေါင်စေးလုပ်ငန်းရှင်သည် အတော်နည်းပါးလှ၏။

နိုင်ငံခြားနှင့် ကုန်သွယ်မှုသာ ရှိ၏။

ကုန်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်း မရှိသလောက်ဖြစ်ပြီး ဝန်ဆောင်မှုလုပ်ငန်း နည်းလှ၏။

ဤသို့ဆိုလျှင် မည်သို့လျှင် ကြီးပွားရေးနှင့် ရေရှည်တည်ငြိမ်မှုသည် မည်သို့ရှိမည်နည်း။

မလေးများနှင့် အခြားလူမျိုးများကြား ကွာဟမှုမရှိစေရန် စေလျှင်စွာ ဆောင်ရွက်သင့်သည်ဟု အစိုးရမှ သဘောပေါက်ခဲ့၏။

'ဘူမိပုထရာ'ခေါ် မလေးရှား၏ တိုင်းရင်းသားလူမျိုးစုများအား စီးပွားရေးလုပ်ငန်းများ၌ ပါဝင်လာစေရန် နေရာပေးရေးဆိုသည်မှာ ပြောသလောက် မလွယ်သည့်ကိစ္စပင်။ လက်တွေ့လုပ်ရန်လည်း ခက်လှ၏။

မလေးလူမျိုးတို့သည် စီးပွားရေးကျွမ်းကျင်မှုနှင့် ငွေအသုံးပြုမှုတွင် လုံးဝမကျွမ်းကျင်။

မလေးအများစုအဖို့ ငွေသည် အရင်းအနှီး မဟုတ်။

နေ့စဉ် လိုအပ်ချက်များ ဝယ်ယူရန်ဖြစ်သည်။

မလေးလူမျိုးများထဲမှာ ဘွဲ့ရသူပင် နည်းသည်။ လုပ်ငန်းကျွမ်းကျင်၍ လုပ်ကိုင်စားသောက်သူများစာရင်းကို ၁၉၇၀-ပြည့်နှစ်က ကောက်ယူရာတွင် မလေး ၄.၉ ရာခိုင်နှုန်းသာ ရှိ၏။

ငွေကြေးပြည့်စုံမှု၊ မျှတမှုများ မလေးပြည်သူတို့ ရရှိစေရန်မှာ အစိုးရတာဝန်ဖြစ်သည်။ အာဏာရပါတီမှ မလွဲမသွေ လုပ်ဆောင်ရမည်ပင်။

ပညာရေးဘက်၌လည်း ကျေးလက်များ၌ အလယ်တန်းကျောင်းများ ဆောက်ပေးပြီး မလေးတို့အား ပညာသင်ဆုပေးရမည်။

မလေးနှင့် အခြားတိုင်းရင်းသား လူမျိုးစုဝင်များ အထက်တန်းပညာ ဆည်းပူးခွင့်ရရန် တက္ကသိုလ်ဝင်ခွင့် ရနိုင်သည့်ဦးရေ သတ်မှတ်ပေးရမည်။

စီးပွားရေးလုပ်ငန်းများ၌လည်း ယခင်က တရုတ်တို့ ကြီးစိုးခဲ့သည့် လုပ်ငန်းများသို့ မလေးတို့ ဝင်ရောက်လာစေရန် အားပေးသည့်အနေနှင့် အစိုးရကန်ထရိုက်များနှင့် လိုင်စင်များကို ပေးရမည်။

မလေးတို့ အစိုးရပိုင် လုပ်ငန်းများ၌ ရှယ်ယာဝင်နိုင်ရန် အထူးလွယ်ကူအောင် ဖန်တီးပေးထားသည့် စီးပွားရေးမူဝါဒသစ်ကြောင့် မလေးအနည်းငယ်သာ အကျိုးရှိမည်ဆိုလျှင် မှားမည်။

၁၉၉၀-ပြည့်နှစ် ဒီဇင်ဘာလတွင် စီးပွားရေးမူဝါဒသစ် ချမှတ်သည့်ကာလ ပြီးဆုံးခဲ့၏။

သို့သော် စီးပွားရေးမူဝါဒသစ် နှစ်(၂၀)ပြည့်တွင် အစိုးရအနေနှင့် စီးပွားရေးဖွံ့ဖြိုးအောင် ဆောင်ရွက်နိုင်ကြောင်း တွေ့ရ၏။

✤ ✤ ✤

# (၁၃)

## ၂၀၂၀ ခါမြင်
## (သို့မဟုတ်)
## ရင်ဆိုင်ရမည့် စိန်ခေါ်ချက် (၉)ချက်

မလေးရှားနိုင်ငံ စက်မှုနိုင်ငံအဖြစ် အောင်မြင်စွာ ချီတက်နိုင်ရန် စိန်ခေါ်ချက်(၉)ချက်အား အလွဲမသွေ ရင်ဆိုင်ရမည်ဟု သူ ကြိုတင်ခန့်မှန်းခဲ့၏။

ထိုခန့်မှန်းချက်ကား စိန်ခေါ်ချက်(၉)ချက်လည်း ဖြစ်၏။ ယင်းတို့ကား . . .

(၁) **ပထမစိန်ခေါ်ချက်**

**အားလုံးအတွက် ဖြစ်သည်။ အားလုံး ခံစားရမည်။ ရလဒ်ကို လိုလားတောင့်တသော စိတ်ဓာတ်ဖြင့် ညီညွတ်သည့် မလေးရှားနိုင်ငံကို ထူထောင်ရမည်။**

(၂) ဒုတိယ စိန်ခေါ်ချက်

မိမိကိုယ်မိမိ ယုံကြည်မှုအပြည့်ရှိပြီး မိမိရောက်ရှိနေသော နေရာတွင် ဂုဏ်ယူအောင်မြင်မှုအတွက် ဂုဏ်ယူတတ်သော ဒုက္ခမျိုးစုံကို ရင်ဆိုင်နိုင်ရန် ကြံ့ခိုင်သောစိတ်ဓာတ်အရ လွတ်လပ်လုံခြုံနေပြီး၊ ဖွံ့ဖြိုးတိုးတက်သည့် မလေးရှား လူမှုအဖွဲ့အစည်းကို တည်ထောင်နိုင်ရမည်။

ထိုမလေးရှားလူ့အဖွဲ့အစည်းသည် ထိပ်တန်းကောင်းမွန်မှု ရရှိစေရန် ဆောင်ရွက်မှုပေါ်လွင်စေရန် သိသောစိတ်ဓာတ်ဖြင့် မည်သူ၏လက်အောက်ခံမှ မဖြစ်လိုသော အခြားနိုင်ငံများမှ ပြည်သူများ၏ လေးစားမှုကို ခံယူလိုသော လူ့အဖွဲ့အစည်း ဖြစ်သည်။

(၃) တတိယ စိန်ခေါ်ချက်

ရင့်ကျက်သော ဒီမိုကရေစီ လူ့အဖွဲ့အစည်းကိုတည်ထောင်ပြီး အများသဘောတူ လက်ခံသည့် စနစ်ကို ကျင့်သုံးသည့်လူစုကို အခြေခံသော မလေးရှားဒီမိုကရေစီ ကျင့်သုံးရာ၌ များစွာသော ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် နမူနာဖြစ်စေသည့် လူ့အဖွဲ့အစည်းဖြစ်သည်။

(၄) စတုတ္ထ စိန်ခေါ်ချက်

အကျင့်စာရိတ္တကောင်းမွန်သော လူ့အဖွဲ့အစည်း ဖြစ်ပေါ်လာစေရေးနှင့် ထိုအဖွဲ့အစည်းတွင် ဘာသာရေးကိုင်းရှိုင်းသော၊ စိတ်ဓာတ်ကောင်းမွန်သော၊ မြင့်မြတ်သော စည်းစနစ်များဖြင့် ပြည့်စုံသော လူ့အဖွဲ့အစည်း ဖြစ်သည်။

(၅) ပဉ္စမ စိန်ခေါ်ချက်

ရင့်ကျက်ပြီး အတွေးအခေါ်မှုတကာ သည်းခံစိတ်ရှိသော မလေးရှား လူ့အဖွဲ့အစည်း ထူထောင်ရန်ပင်ဖြစ်သည်။

ထိုလူ့အဖွဲ့အစည်းတွင် နိုင်ငံသားတို့သည် လူမျိုး၊ အသွေးအရောင်၊ မိမိတို့ ကြိုက်နှစ်သက်ရာ ထုံးတမ်းဓါလေ့၊ ယဉ်ကျေးမှုနှင့် ဘာသာရေးတို့ကို လွတ်လပ်စွာ ကျင့်သုံးခွင့်ရှိလျက် ၎င်းတို့သည် တစ်နိုင်ငံတည်းမှ ဖြစ်သည်ဟူသည့် ယုံကြည်ချက် ရှိရမည်။

(၆) ဆဋ္ဌမ စိန်ခေါ်ချက်

သိပ္ပံနှင့် တိုးတက်မှု လိုလားသော လူ့အဖွဲ့အစည်း ဖွဲ့စည်းရေးပင် ဖြစ်သည်။ ထိုအဖွဲ့အစည်းတွင် တီထွင်မှုအားပေးပြီး၊

အနာဂတ် မျှော်တွေးတတ်ပြီး စက်မှု ပစ္စည်းများကို ဝယ်ယူသုံးစွဲသူများသာ ဖြစ်မနေဘဲ အနာဂတ် စက်မှုလက်မှု မြော်မြင်ရေးကို ဖြည့်ဆည်းပေးသော လူ့အဖွဲ့အစည်း ဖြစ်ရမည်။

(၇) သတ္တမ စိန်ခေါ်ချက်

ဂရုဓမ္မပြုမှု အပြည့်အဝဖြစ်ပြီး ဂရုပြုသည့် ထုံးတမ်းဓလေ့ကို အားပေးသော လူမှုအဖွဲ့အစည်းဖြစ်လျက် အတ္တကို ရှေ့တန်းတင်မထားသော ပြည်သူတို့သည် နိုင်ငံပုဂ္ဂိုလ်တို့နှင့် ပတ်သက်သော လှုပ်ရှားခြင်းသာ မဟုတ်ဘဲ တောင့်တင်းကြံ့ခိုင်သည့် မိသားစုလည်း ပါရမည်။

(၈) အဋ္ဌမ စိန်ခေါ်ချက်

စီးပွားရေးတွင် တရားမျှတသော လူ့အဖွဲ့အစည်း တည်ထောင်ခြင်းပင်ဖြစ်ပြီး ထိုအထဲတွင် စီးပွားရေး တိုးတက်မှုအတွက် ပြည့်ဝစွာ ပါဝင်ကြရမည်။ စီးပွားရေး ခေတ်နောက်ကျမှုကို လူမျိုးရေးနှင့် တွဲနေလျှင် ထိုလူ့အဖွဲ့အစည်း မဖြစ်ပေါ်နိုင်။

(၉) နဝမ စိန်ခေါ်ချက်

ကြီးပွားတိုးတက်မှု တည်ဆောက်ရေးဖြစ်ပြီး ထိုစီးပွားရေးသည် လျင်မြန်မှု၊ တောင့်တင်းမှုနှင့် ထိခိုက်လာလျှင် ပြန်လည်အရှိန်ရလွယ်သော အခြေအနေ ပါဝင်သော လူ့အဖွဲ့အစည်း ဖြစ်ရမည်။

အမြင် (၂၀၂၀)ကို စတင် အကောင်အထည်ဖော်စဉ်က ကျွန်ုပ်တို့သည် စီးပွားရေးလုပ်ဆောင်မှုကို အခြေခံပြုပြီး ပိုမိုလုပ်ဆောင်ရန် ဆုံးဖြတ်ခဲ့သည်။

မိမိတို့သည် သက္ကရာဇ် ၂၀၂၀ တွင် တိုးတက်ဖွံ့ဖြိုးပြီးသားနိုင်ငံဖြစ်ပြီး ကျွန်ုပ်တို့သည် (၁၀)နှစ်တာ ကာလအတွင်း အနည်းဆုံး ပျမ်းမျှ စီးပွားရေးတိုးတက်မှု '၇'ရာခိုင်နှုန်း ရှိရမည်ဟု သတ်မှတ်ခဲ့သည်။

ထိုသို့ ဆောင်ရွက်နိုင်ပါက နိုင်ငံ၏ ပြည်တွင်းထုတ်ကုန်အင်အားသည် နှစ်ဆတိုးမည် ဖြစ်သည်။

၂၀၂၀-ပြည့်နှစ်နှင့် နီးလေလေ ထိုရည်မှန်းချက် ဖြစ်မြောက်အောင် ဆောင်ရွက်ရန် ခက်လေလေဖြစ်၍ ကျွန်ုပ်တို့ စီမံချက်အစကောင်းနိုင်သမျှ ကောင်းအောင် အစပျိုးခဲ့၏။

ထို့ကြောင့် ၁၉၉၀-ပြည့်နှစ်မှ ၁၉၉၆-ခုနှစ်အထိ မလေးရှားသည် နှစ်စဉ် စီးပွားရေး ၈.၆ ရာခိုင်နှုန်း တိုးတက်ခဲ့၏။

ထို့အတွက် ကျွန်ုပ်ကို အလုပ်ရရှိမှု အပြည့်အဝ ဖြစ်နေပြီး ဥစ္စာဓနသည်လည်း လူ့အဖွဲ့အစည်း အဆင့်ဆင့်သို့ စီးဆင်းစိမ့်ဝင်ကာ ဆင်းရဲနွမ်းပါးမှု လုံးဝမရှိသလောက် ဖြစ်သွားပြီး လူတိုင်း ဝင်ငွေတိုးခဲ့ပြီ။

✤✤✤

# (၁၄)

## အာရှသားမှ ကမ္ဘာကို ရှုမြင်ခြင်း

ပြက္ခဒိန်ကို ရှုကြည့်လျှင် ၁၉၉၉-၂၀၀၀ ပြည့်နှစ်တွင် အာရှ၌ မဟာသီသည် ထင်ရှားသူတစ်ဦး ဖြစ်၏။

ပြောရလျှင် ၁၉၉၉-ခုနှစ်သည် မဟာသီ မလေးရှားနိုင်ငံ၏ ဝန်ကြီးချုပ်အဖြစ် တာဝန်ထမ်းဆောင်သက် (၁၉)နှစ် ပြည့်ချိန် ဖြစ်သည်။

မဟာသီသည် ၁၉၇၆-ခုနှစ်မှစ၍ ဒုတိယဝန်ကြီးချုပ်တာဝန် ယူခဲ့သည့်အချိန်ကို ပေါင်းလိုက်လျှင် နိုင်ငံ၏ ထိပ်တန်းနိုင်ငံရေးသမားတစ်ဦးအနေနှင့် ခေါင်းဆောင်ချိန်နှင့် တာဝန်ယူခွင့်ရချိန် (၂၃)နှစ်ရှိပြီဟု ဆိုရမည်ဖြစ်သည်။

စင်စစ်မူ ထိုကာလများသည် ကမ္ဘာ့သမိုင်းနှင့် အာရှသမိုင်းကို ပြန်ကြည့်လျှင် သိသာသော အပြောင်းအလဲများနှင့် ရင်ဆိုင်ကြုံတွေ့ချိန် ဖြစ်သည်။

၁၉၇၆-ခုနှစ်တွင် ဗီယက်နမ်စစ်ပွဲကြီး ပြီးဆုံးသွားပြီး အင်ဒိုချိုင်းနားဟု ခေါ်တွင်သည့် ဒေသအဝန်းတွင် ပျက်စီးခြင်းများနှင့် ကြုံတွေ့နေချိန်ဖြစ်သည်။

ကွန်မြူနစ်ဝါဒ ခြိမ်းခြောက်မှုကြောင့် စိုးရိမ်နေရပြီး အရှေ့အာရှနိုင်ငံ အများစုလည်း ဆင်းရဲနေကြပြီး စိုက်ပျိုးရေးအားကိုးရသည့် နိုင်ငံများ ဖြစ်ခဲ့၏။

နောင် နှစ်,နှစ်ဆယ်အတွင်း အရှေ့အာရှသည် စီးပွားရေးအင်အားစုကြီး ဖြစ်လာသော်လည်း အနောက်ကမ္ဘာ၏ ဗိုလ်ကျစိုးမိုးမှုဒဏ်ကို ခံနေရ၏။

အနောက်ကမ္ဘာမှ ခြိမ်းခြောက်နေသယောင်လည်း ရှိ၏။

အနောက်အုပ်စုက အာရှဒေသတွင် အံ့မခန်း စီးပွားရေးတိုးတက်မှုကို 'အံ့ဖွယ်အာရှ'ဟု ခေါ်ဝေါ်သမုတ်၏။

အာရှတိုက်သားများပင်လျှင် မိမိကိုယ်မိမိ ယုံကြည်စိတ်ချစိတ်ပြန်လည် ရရှိခဲ့၏။

စီးပွားရေးပညာရှင်များနှင့် အနာဂတ် မျှော်တွေးသူများက "အာရှရာစုသစ်" ပေါ်ထွန်းလာနိုင်ကောင်းသည်ဟု ပြောဆိုကြပြီး အာရှအတွက် ဂုဏ်ယူမှုများ ရှိခဲ့ပြီ။

ယင်းသို့ အာရှအတွက် ဂုဏ်ယူသူများတွင် သူသည် တစ်ဦးအပါအဝင် ဖြစ်၏။

သူ့ကိုလည်း အနောက်နိုင်ငံ မီဒီယာများက စူးရဲစွာ ရှုကြည့်ကြပြီး "အာရှ၏ပြောခွင့်ရပုဂ္ဂိုလ်"ဟု ခေါ်တွင်ခဲ့သည်လည်းရှိ၏။

သို့သော် အနောက်တိုင်းမှ ပြောစကားများသည် တည်ငြိမ်မှုမရှိ၊ ပြောချင်သလို ပြောကြ၏။

သည်အကြောင်းနှင့် ပတ်သက်၍ မဟာသီက..

"ကျွန်တော်က ဒီလိုပြောတော့ ကျွန်တော့်ကို မောက်မာသူလို့ ပြောချင်ပြောမယ်။ ခက်တာက သူတို့အမြင်ဟာ မကြည်လင်ကြဘူး၊ လိုတစ်မျိုး မလိုတစ်မျိုး ပြောကြတယ်။ တလောက ကျွန်တော့်ကို တိုင်းမ်မဂ္ဂဇင်းက 'ကျွမ်းကျင်တဲ့ စီမံကိန်းရေးဆွဲသူ'လို့ ခေါ်ခဲ့တယ်။ ဟော... ငွေကြေးပြဿနာ ပေါ်ပေါက်ပြီးချိန်မှာတော့ ကျွန်တော့်ကို စိတ်ဆိုးနေသူလို့ ဆိုကြတယ်၊ ကျွန်တော်က ဒီမိုကရေစီဆန်စွာ ရွေးကောက်ပွဲတိုင်းမှာ အနိုင်ရအောင် ကြိုးစားခဲ့တာ ပြည်သူအသိပဲ။ ဒါကို သူတို့က အာဏာရှင်လို့ ခေါ်ပြန်တယ်။ မပြောချင်ဖူး၊ အနောက်တိုင်းက 'ဒီမိုကရေစီနဲ့ လူ့အခွင့်အရေး'ဆိုတာက သူတို့ လိုရင် လိုသလို၊ မလိုရင် မလိုသလိုပဲလို့ ဆိုရမလို ဖြစ်နေပြီ၊ တကယ်တော့ သူတို့ဟာ သူတို့ပေတံနဲ့ သူတို့တိုင်းလည်း အာရှခေါင်းဆောင်တွေကို မနှိပ်ကွပ်သင့်ဘူး၊ အာရှကို အနောက်တိုင်း အလိုကျပုံစံနဲ့ ပုံမသွင်းသင့်ဘူး"

ဟု သူက ပြတ်သားစွာ ပြောခဲ့သည်။

ထို့အတူ သူ့ကို လေ့လာလျှင် သူက အမြင်ကြည်လင်သလို ပြတ်သားသည်။ မဟုတ်မခံစိတ်ရှိသည်။ သူတထူးကို ကူညီသည်။

“တကယ်တော့ ကမ္ဘာကြီးက ပြောင်းလဲနေသလို လူတွေလည်း ပြောင်းလဲသင့်ပြီ၊ ကြီးနိုင်ငယ်ညှဉ်းစိတ်တို့၊ အင်အားအသုံးပြု ဗိုလ်ကျစိုးမိုးမှုတွေ မပြုသင့်တော့ဘူး”

“ပြီးတော့ ဒီကနေ့ ဒီမိုကရေစီခေတ်မှာ လူ့အခွင့်အရေးဆိုတာနဲ့ ပတ်သက်လို့ နိုင်ငံကြီးတွေ ဆုံးဖြတ်တာ မှားနေတာရှိတယ်၊ လူ့အခွင့်အရေးကို လူ့အခွင့်အရေးဆိုပြီး ကိုယ့်ဘက်က အမြင်တစ်ခုနဲ့ချည်း ပြောလို့မရဘူး၊ သူကလည်း လူတစ်ယောက်ဖြစ်လို့ သူ့အခွင့်အရေးကို ကြည့်ရမယ်၊ ဒါမှမှန်မယ်”

“ခက်တာက ဒီမိုကရေစီကို အရင်းရှင်ဆရာကြီးတွေလက်အပ်လိုက်သလို ဖြစ်နေပြီ။ အာရှနိုင်ငံတိုင်းမှာ မိမိတို့နှစ်သက်ရာ စီးပွားရေးအခွင့်အလမ်း ရွေးချယ်ပိုင်ခွင့် ရှိတယ်။ မိမိနှစ်သက်ကာ ဖွံ့ဖြိုးမှုနည်းလမ်းကို ရွေးပိုင်ခွင့်ရှိတယ်။ ဒါကို ဟန့်တားရင် သူ့အခွင့်အရေးကို ဖောက်ဖျက်တာပဲမဟုတ်လား”

✤ ✤ ✤

# (၁၅)

## လက်တွဲခေါ်တတ်သူ

လူတစ်ယောက်၏ အတိတ်တွင် ပြုလုပ်ခဲ့သည့် လုပ်ရပ်များသည် ထိုသူနှင့်အတူ လိုက်နေသည်မှာ မမွှတာပင်။

အတိတ်တွင် မကောင်းမှုများစွာဖြင့် ရှင်သန်ခဲ့သောသူသည် အတိတ်ကို ကျော်လွန်ပြီး ပစ္စုပ္ပန်၊ အနာဂတ် ရောက်ခဲ့စေကာမူ သူပြုမူခဲ့သည့် မကောင်းမှု အနံ့အသက်သည် သူနှင့်အတူ ပါလာစမြဲဖြစ်သည်။

မကောင်းမှု ပြုသူအတွက် သူလိုလားသည်ဖြစ်စေ မလိုလားသည်ဖြစ်စေ မကောင်းမှု အငွေ့အသက်သည် သူနှင့်အတူ ပါလာပြီး သူ့အား မကောင်းမှုပြုခဲ့သူဟု ပြောမည်မှာ မုချပင်။

ထို့အတူ ကောင်းမှုတစ်ခု ပြုထားသူသည်လည်း သူပြုထားသည့် ကောင်းမှုက သူ့အား သူကောင်းပြုစမြဲ ဖြစ်၏။

စင်စစ်၊ မလေးရှားသမိုင်းကို လည်းကောင်း၊ မြန်မာ့သမိုင်းကို လည်းကောင်း လေ့လာလျှင် မြန်မာနိုင်ငံနှင့် မလေးရှားနိုင်ငံသည် လက်ပွန်းတတီး ရှိခဲ့ကြောင်း တွေ့ရမည်ဖြစ်သည်။

မှန်သည်။

မြန်မာနိုင်ငံသည် ၈၈ ကာလနှင့် နောက်ပိုင်း လှိုင်းကြီး လေထန်ခဲ့သည်ဟု ဆိုရမည်။ ထိုအချိန်သည် မြန်မာနိုင်ငံသည် တည်ငြိမ်မှု မရှိခဲ့။ ဒီမိုကရေစီ လှုပ်ရှားမှုကာလ ဖြစ်သည်။

မှန်သည်။

မြန်မာပြည်တွင် အမျိုးသားရေးလှုပ်ရှားသူများနှင့် အနောက်နိုင်ငံမှ လွင့်မျောလာသည့် ဒီမိုကရေစီ ကိုးကွယ်သူတို့ကြား ပဋိပက္ခများ ရှိနေချိန် . . .

ထိုအခါ . . . ဒွိတာဝန်သုံးပါး ဦးထိပ်ထားသည့် တပ်မတော်မှ နိုင်ငံတော်အား ထိန်းသိမ်းထားချိန်။

စင်စစ် မြန်မာနိုင်ငံသမိုင်းတွင် နိုင်ငံဒုက္ခနှင့် ကြုံတွေ့တိုင်း တပ်မတော်မှ ကယ်တင်ရသည့် အစဉ်အလာ ရှိသည်နှင့်အညီ ဒီမိုကရေစီကြွေးကြော်သံပြုရင်း အကြမ်းဖက် ရက်စက်မှု ပြုသူများ၊ စက်ရုံဖျက် ပစ္စည်းယူ၊ ဂိုဒေါင်ဖောက်သူများအား နှိမ်နင်းနေချိန်။

အမှန်ဆိုသော် တည်ငြိမ်မှုများကို ဖျက်ဆီးသူများ၊ အကြမ်းဖက်သူများကိုနှိမ်နင်းရသည်မှာ တပ်မတော်၏ တာဝန်ပင် မဟုတ်လား။

ထိုအချိန်ကို ဒီမိုကရေစီအရေးတော်ပုံကာလဟု အနောက်အုပ်စုမှ အမည်တပ် ဘွဲ့တီးပေးသလို အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး အတွက် ဦးထိပ်တင် ဆောင်ရွက်ရသည့် တပ်မတော်က နိုင်ငံ

တော် တည်ငြိမ်အေးချမ်းရေးအတွက် ဆောင်ရွက်ရသလို ပြည်သူတို့ စားဝတ်နေရေးအတွက် တစ်ဖက်က လုပ်ရ၏။

တပ်မတော်သည် ပါတီကိုယ်စားပြု အဖွဲ့အစည်းမဟုတ်။ ပြည်သူကိုယ်စားပြုအဖွဲ့ ဖြစ်သည်။ ထိုအချိန်က ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကလည်း မရှိတော့သဖြင့် စစ်အုပ်ချုပ်ရေးနှင့် နိုင်ငံကို အုပ်ချုပ်ရ၏။

ထိုအခါ အနောက်အုပ်စုက 'တပ်မတော်'ကို အာဏာရှင်ဟု သမုတ်၏။ ပြည်ပအားကိုးသည့် အဖွဲ့အစည်းတွေက တပ်မတော်ကို ထိုးနှက်ကြ၏။

အနောက်တိုင်းဒီမိုကရေစီပေတံနှင့်တိုင်းကာ "တပ်မတော်ကို လူ့အခွင့်အရေး ချိုးဖောက်သူဟု ဝိုင်းအာကြ၏။ ပိတ်ဆို့ရေးတွေ လုပ်ကြ၏။

ပြည်တွင်းသစ္စာဖောက်တွေကလည်း ပြည်ပမှ သူတစ်ပါးအိမ်တွင်းရေး ဝင်ရောက်စွက်ဖက်သူများအား တိုင်တည်ကြ၏။

ထိုအခါ တပ်မတော်သည် ပြည်သူများ စားဝတ်နေရေးအဆင်ပြေ ချောမွေ့ရေးကို ကြိုးစားဆောင်ရွက်ရင်း လမ်းဖောက်၊ တံတားဆောက်ခဲ့၏။

ယခု နိုင်ငံရေးသမားတွေက အ,မနာပ ပြောကြသည်။ အကျည်းတန်မြို့တော် နေပြည်တော်ကို တည်ဆောက်ခဲ့သည်။ ထိုအခါက မြန်မာနိုင်ငံအား အရေးယူပိတ်ဆို့မှုမျိုးစုံ ပြုနေချိန်ပင်။

✤ ✤ ✤

တပ်မတော်မှ အထီးကျန်ဆန်စွာ ရပ်တည်ပြီး ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတစ်ခု တည်ဆောက်နိုင်ရန် ကြိုးစားခဲ့၏။

ထိုအချိန်တွင် မလေးရှားနိုင်ငံ၏ခေါင်းဆောင် ဝန်ကြီးချုပ်သည် မဟာသီယာမိုဟာမက် ဖြစ်သည်။

သည်အခါ အာရှအား ကဏ္ဍသစ်ဖွင့်နိုင်ရန်ကြိုးစားဆောင်ရွက်ပြီး အောင်မြင်သင့်သလောက် အောင်မြင်နေချိန်။ ထို့အတူ အုံ့ဖွယ်အာရှတွင် ထူးခြားသည့် အာဆီယံအသိုက်အဝန်းတစ်ခု ထူထောင်နေချိန်။

ထိုအချိန်တွင် မဟာသီယာမိုဟာမက်သည် အာရှ၏ အထင်ကရ ဖြစ်သလို၊ အာဆီယံတွင် အရေးပါသူ။

သူက ထိုအချိန်တွင် အထီးကျန်ဆန်စွာ ရပ်တည်နေသည့် မြန်မာနိုင်ငံအစိုးရအဖွဲ့ဖြစ်သည့် တပ်မတော်အား ခင်မင်ရင်းနှီးစွာ လက်တွဲခဲ့၏။

အာဆီယံအသိုင်းအဝိုင်းတွင်း ဝင်နိုင်ရန် စီစဉ်ပေးခဲ့သည်။

စင်စစ် ပြောရလျှင် မလေးရှားဝန်ကြီးချုပ် မဟာသီယာမိုဟာမက်သည် ဖြူစင်သူ၊ မိတ်ကောင်းပီသသူဟု ဆိုရမည်။

သမိုင်းတွင် မြန်မာ့တပ်မတော်အစိုးရနှင့် မလေးရှား ဝန်ကြီးချုပ် မဟာသီယာမိုဟာမက်တို့သည် မိတ်ကောင်း ဆွေကောင်း ဖြစ်၏။

မြန်မာနိုင်ငံအား လမ်းကောင်းညွှန်ခဲ့သူပင်။

ထို့ကြောင့် သမိုင်းတွင် မလေးရှားနှင့် မြန်မာနိုင်ငံသည် ရင်းနှီးချစ်ခင်သော၊ မိတ်ကောင်း ဆွေကောင်းဟု လည်းကောင်း၊ မိတ်ကောင်း ဆွေမှန် လမ်းသစ်ညွှန် ဟူသည့် စကားနှင့်အညီ ညွှန်ခဲ့သည့် လမ်းပေါ်တွင် မြန်မာနိုင်ငံ မှန်ကန်စွာ လျှောက်နေသည် မဟုတ်လား။

❖ ❖ ❖



တစ်ကျော့ပြန်
မဟာသီယာမိုဟာမက်

# (၁၆)

# တစ်ကျော့ပြန် မဟာသီယာမိုဟာမက်

လူငယ်ခေတ်တက်တို့နှင့် ရင်ဆိုင်ယှဉ်ပြိုင်ခဲ့သည့် လူအိုခေတ်တက်ဟု ခေါ်ရမည့် မဟာသီသည် သူ့ဘဝတစ်လျှောက် တစ်ကြိမ်မျှ ရွေးကောက်ပွဲ ရှုံးနိမ့်သည် မရှိခဲ့ဖူးခဲ့။

ယခု အသက်(၉၂)နှစ်ရောက်မှ ထိုစံချိန်ကို ထိန်းထားလိုက်နိုင်ပြီ။

မေလ(၉)ရက်နေ့တွင် ကျင်းပသည့် ရွေးကောက်ပွဲတွင် လက်ရှိဝန်ကြီးချုပ် နာဂျစ်ရာဇက်အား အပြတ်အသတ် နိုင်လိုက်ပြီ။ နာဂျစ်က ဝန်ကြီးချုပ်ရာထူးအပြင် ဝန်ကြီးနေရာ (၄)ခုကိုလည်း လက်လွှတ်လိုက်ရပြီ။

မဟာသီယာက အသက်(၉၂)နှစ် ရှိပြီဖြစ်သဖြင့် ကမ္ဘာပေါ်တွင် အသက်အကြီးဆုံး ဝန်ကြီးချုပ် ဖြစ်လာလိမ့်မည်။

မလေးရှားနိုင်ငံသမိုင်းကို ကြည့်လျှင် မလေးရှားနိုင်ငံအား ဆယ်စုနှစ် ခြောက်ခုကြာ အုပ်စိုးခဲ့သည့် Barisen National(BN) ကို အနိုင်ရရှိကြောင်း၊ ရွေးကောက်ပွဲရလဒ် ထွက်ပေါ်ပြီးနောက်

မေလ(၁၀)ရက် နံနက်(၃)နာရီတွင် ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲ၌ မဟာသီယာမိုဟာမက်က "ငါ မသေသေးဘူး"ဟု ကြွေးကြော်ခဲ့၏။

မဟာသီသည် မလေးရှားနိုင်ငံအား ၁၉၈၁-ခုနှစ်မှစ၍ (၂၂)နှစ်ကြာ အုပ်ချုပ်ခဲ့၏။

သူ၏လက်ထက်တွင် အတိုက်အခံများကို နှိပ်ကွပ်ခဲ့၏။ သူသည် ပင်ကိုအားဖြင့် အမြင်မတူသူများအပေါ် ရန်လိုသူ၊ ရန်ထောင်သူဟု ဆိုကြသော်လည်း သူသည် မလေးရှားနိုင်ငံကို စက်မှုဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံအဖြစ်သို့ ပင့်တင်ပေးခဲ့၏။

ထို့နောက် ဝန်ကြီးချုပ်ရာထူးမှ အနားယူခဲ့သည်။ သို့သော် သူသည် လွန်ခဲ့သည့် (၂)နှစ်ခန့်က နိုင်ငံရေးလောကတွင်းသို့ တစ်ကျော့ပြန် ဝင်ခဲ့၏။

ဤတစ်ကြိမ်တွင်မူ အတိုက်အခံ အဖြစ် ပြန်ဝင်ခဲ့ခြင်းဖြစ်၏။

သူ နိုင်ငံရေးလောကတွင်းသို့ ပြန်ဝင်လာခြင်းသည် တပည့်ရင်း တပည့်ဟောင်းနှင့် ရင်ဆိုင်ရန်ဖြစ်သည်။

နာဂျစ်ရာဇက်သည် မလေးရှားအစိုးရပိုင် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း (IMDB)မှ ဒေါ်လာဘီလီယံချီ၍ အလွဲသုံးစား ဆိုသော အရှုပ်တော်ပုံဇာတ်လမ်း ထွက်ပေါ်လာပြီးနောက်ပိုင်း မဟာသီယာအနေနှင့် တပည့်ဟောင်းကို ဖြုတ်ချရန် ကြုံးဝါးထားခဲ့၏။

နာဂျစ် တိုက်ပွဲဆင်နွဲရန်အတွက် အာဏာရပါတီဖြစ်သည့် (UMNO)မှ နှုတ်ထွက်ခဲ့သည်။ အစိုးရမှ အပ်နှင်းထားသည့် ရာထူးအားလုံးကိုလည်း ပြန်လည်အပ်ခဲ့၏။

ယခု မလေးရှားနိုင်ငံတွင် မဟာသီ အောင်ပွဲဆင်လိုက်သည့် အဖြစ်က ကမ္ဘာကို ကိုင်လှုပ်သည့်ဖြစ်ရပ် ဖြစ်နေပြီ။

"သူဟာ နိုင်ငံ့ခေါင်းဆောင် ဖြစ်ခဲ့တုန်းက ကျွန်တော်က သူ့ရဲ့ ရဲရဲတောက် အတိုက်အခံ တစ်ယောက်ပေါ့။ ဒါပေမဲ့ဗျာ၊ သူက လူတွေပြောသလိုပေါ့၊ နိုင်ငံရေးဆိုတာ မှားတယ်၊ မှန်တယ် ဆိုတာ၊ မှန်တာ မှားတာထက် ဘာဖြစ်လာနိုင်တယ် ဆိုတာအပေါ် တွက်ချက်ကစားတဲ့ အနုပညာဆိုတာလေ၊ အဲဒီတော့ မကောင်းဆိုးဝါး တစ်စုကို သုတ်သင်ဖယ်ရှားဖို့ သူ ဝင်လာတယ်ဆိုရင် မထောက်ခံစရာဘာရှိလဲ"

ဟု အသက်(၇၀)အရွယ် ကျိုးဇက်ပေါ်က ပြော၏။ သူက ရွေးကောက်ပွဲ အောင်နိုင်မှု အောင်ပွဲခံနေသည့် လူထောင်ပေါင်းများစွာထဲက တစ်ဦးပင်။

မေလ(၁၀)၊ ကြာသပတေးနေ့နံနက် တရားဝင်မဲရလဒ်အရ မဟာသီ၏ Pakaten Harepan (မျှော်လင့်ချက်မဟာမိတ်အုပ်စု ပါတီက လွှတ်တော်နေရာ (၂၂၂)နေရာအနက် (၁၁၃)နေရာ ရရှိခဲ့ရာ အစိုးရဖွဲ့ရန် လိုအပ်သည့်နေရာ အရေအတွက် ရရှိခဲ့ခြင်းဖြစ်သည်။

အဆိုပါနေ့တွင်းချင်းပင် မဟာသီ ဝန်ကြီးချုပ်အဖြစ် ကျမ်းသစ္စာ ကျိန်ဆိုရမည်ဖြစ်သည်။

မဟာသီသည် အနောက်အုပ်စုများနှင့် အလွမ်းသင့်သူ မဟုတ်ချေ။

"ကမ္ဘာကြီးကို ဂျူးလူမျိုးတွေက ကိုယ်စားလှယ်ငှားပြီး အုပ်ချုပ်နေသည်" ဆိုသည့် ပြောဆိုချက်ကြောင့် အမေရိကန်နှင့် ဗြိတိန်တို့က မရိုးမရွ ဖြစ်ခဲ့၏။

ထို့အပြင် ပွင့်လင်းလူ့အဖွဲ့အစည်း ထူထောင်သူ သူဌေးကြီး ဂျော့ဘိုးရော့စ်က မဟာသီသည် မလေးရှားအတွက် အန္တရာယ်ဟု ပြောခဲ့၏။

၁၉၉၀ ကမ္ဘာ့စီးပွားရေးပျက်ကပ်တွင် နိုင်ငံခြားငွေ ရောင်းဝယ်မှုများ လဲပြိုသွားအောင် လုပ်ခဲ့သည့် လုပ်ရပ်အတွက် ဂျော့ဘိုးရော့စ်အား "ငတုံး၊ ငအ" ဟု သမုတ်ခဲ့၏။

ထို့ပြင် စင်ကာပူ ခေါင်းဆောင် လီကွမ်ယုနှင့်လည်း မကြာခဏ အခြေအတင် ဖြစ်ခဲ့သူ ဖြစ်သည်။

မဟာသီဟာသည် အင်္ဂလိပ် ကိုလိုနီခေတ်တွင် မလေးရှားကျေးလက်ဒေသမှ မွေးဖွားခဲ့သူဖြစ်ပြီး ၁၉၉၀ ကမ္ဘာ့စီးပွားရေးပျက်ကပ်အတွင်း မလေးရှားပြည်သူတို့၏ ခေတ်မှတ်ခေါင်းပါးမှုကို မျက်ဝါးထင်ထင် မြင်ခဲ့သူဖြစ်၏။

ဆရာဝန်တစ်ဦးဖြစ်သူ မဟာသီဟာသည် ၁၉၈၁-ခုနှစ်တွင် မလေးရှားနိုင်ငံ၏ စတုတ္ထမြောက် ဝန်ကြီးချုပ် ဖြစ်ခဲ့ပြီး နိုင်ငံအား

ခေတ်မီတိုးတက်ဖွံ့ဖြိုးသော မလေးရှားနိုင်ငံဖြစ်အောင် စတင်ကြိုး ပမ်းခဲ့၏။

မလေးရှားနိုင်ငံတစ်ဝှမ်း ခြောက်လမ်းသွား လမ်းကြီးများ တံတားများကို တည်ဆောက်ခဲ့၏။

မြို့တော် ကွာလာလမ်ပူကိုလည်း ခမ်းနားလှပအောင် ငွေ ကြေးအမြောက်အမြား သုံးစွဲ၍ မွမ်းမံခဲ့၏။ ဆောက်လုပ်စဉ်က ကမ္ဘာ့အဆောက်အအုံ ဖြစ်သည့် Pelronas အမြွှာ မျှော်စင်ကို ကွာလာလမ်ပူတွင် ဆောက်လုပ်ခဲ့သည်။

၎င်းဆောင်ရွက်ချက်ကြောင့် မဟာသီယာသည် ခေတ်သစ် မလေးရှား၏ဖခင်ဟူသည့် ဂုဏ်ပုဒ်ကို ရရှိခဲ့၏။

၂၀၀၃-ခုနှစ်တွင် နိုင်ငံရေးမှ အနားယူပြီးနောက် "ညီညွတ် သော မလေးရှားအမျိုးသားအဖွဲ့ (UMNO)တွင် ဆက်လက်ရှိ နေ၏။ အဗ္ဗဒူလာ အာမက်ဘာဒါဝီက ၎င်းအား ဆက်ခံသည်။

ယင်းနောက် ၂၀၀၉-ခုနှစ်တွင် မလေးရှားနိုင်ငံ၏ ဝန်ကြီး ချုပ်လည်းဖြစ်၊ လွတ်လပ်ရေးခေါင်းဆောင်တစ်ဦးလည်းဖြစ်သည့် အဗ္ဗဒူရာဇတ်ဟူစိန်၏ အကြီးဆုံးသားဖြစ်သူ နာဂျစ်ရာဇတ်ကို ဝန်ကြီးချုပ် တင်မြှောက်ရန် မဟာသီက အားပေးထောက်ခံခဲ့သည်။

နာဂျစ်ရာဇတ်သည် ၂၀၂၃-ခုနှစ်တွင်လည်း ဒုတိယအကြိမ် ရွေးချယ်တင်မြှောက်ခံခဲ့၏

သို့သော် ၂၀၁၅ တွင် (IMOB)အရှုပ်တော်ပုံ ပေါ်ပေါက် ပြီးနောက် နာဂျစ်အား ရာထူးမှ နုတ်ထွက်ရန် မဟာသီက တိုက် တွန်းခဲ့သည်။

ပြီးခဲ့သည့် မတ်လအတွင်းက ပြုလုပ်ခဲ့သည့် အင်တာဗျူး တစ်ခုတွင် မဟာသီ ပြောကြားခဲ့သည်မှာ ယခုရွေးကောက်ပွဲ ရှုံးနိမ့်သွားသည့်တိုင် ဆက်လက်တိုက်ပွဲဝင်မည်ဟု ပြောခဲ့သည်။

"ကျွန်တော့်အနေနဲ့ အသက်(၉၀)ကျော် အရင်လို သန်စွမ်းချင်မှ သန်စွမ်းမယ်၊ ဒါပေမဲ့ လုပ်နိုင်သလောက်တော့ ဒီကြိုးပမ်းမှုကို ဆက်လုပ်သွားမယ်"

ဟု ဆို၏။

စင်စစ်၊ နာဂျစ်ရာဇတ် ရွေးကောက်ပွဲ ရှုံးနိမ့်ရခြင်းသည် IMOB အရှုပ်တော်ပုံအပြင် နေထိုင်စားသောက်မှုစရိတ် မြင့်တက်လာခြင်းသည်လည်း တစ်ကြောင်းဖြစ်ကြောင်း သုံးသပ်ခဲ့၏။


အဘယ်ကြောင့်ဆိုသော် လူဦးရေ(၆၀)ရာခိုင်နှုန်းခန့်ဖြစ်သည့် ကျေးလက်နေ ပြည်သူများအဖို့ IMBO ကိစ္စထက် ငွေကြေးဖောင်းပွခြင်း၊ အခြေခံစားကုန်များ ဈေးနှုန်းမြင့်တက်ခြင်းမှာ ပို၍ လက်တွေ့ကျသည့် ပြဿနာရပ်ဖြစ်သည်။

စာကို... Reusters / CNA.

✤✤✤

# (၁၇)

# မဟာသီယာ ဝန်ကြီးချုပ် ရွေးခံရ
# လက်စားချေမည် မဟုတ်ဟုဆို



လက်စားချေမည် မဟုတ်ဟုဆို

အစိုးရဖွဲ့ရန် အမတ်နေရာ ၁၁၂ နေရာကိုသာ လိုအပ်သည်။ အသက်(၉၂)နှစ်အရွယ် မဟာသီယာသည် ကမ္ဘာပေါ်ရှိ ရွေးကောက်ခံခေါင်းဆောင်များအနက် အသက်အကြီးဆုံး ဖြစ်လာမည်ဖြစ်သည်။ ဘီအင်န်သည် မလေးရှားနိုင်ငံ လွတ်လပ်ရေးရရှိခဲ့သည့် ၁၉၅၇-ခုနှစ်မှစ၍ မလေးရှားကို အုပ်ချုပ်ခဲ့ခြင်း ဖြစ်သည်။

**စုဝေး**

အာဏာရဘီအင်န်သာ ဆက်လက် အောင်ပွဲခံမည်ဟု ရွေးကောက်ပွဲမတိုင်မီတွင် ထင်ကြေးပေးမှုများ ရှိခဲ့သော်လည်း ရွေးကောက်ပွဲရလဒ်များကို ထုတ်ပြန်ပြီးနောက်တွင် လမ်းမပေါ်၌ ဆူပူအုံကြွမှုများ မရှိခဲ့ချေ။ အတိုက်အခံများကို ထောက်ခံသူများသည် ကွာလာလမ်ပူရှိ မဟာသီယာ၏ ပါတီရုံးခန်းရှေ့တွင် စုဝေးခဲ့သည်။

နိုင်ငံပိုင်ရန်ပုံငွေ 1 MDB ထံမှ ဒေါ်လာ သန်း ၇၀၀ ကျော်သည် ဘီအင်န်အစိုးရအဖွဲ့၏ ဝန်ကြီးချုပ် နာဂျစ်ရာဇတ်၏ ငွေစာရင်းထဲသို့ ရောက်ရှိခဲ့ကြောင်း စွပ်စွဲချက်များရှိနေပြီး ၄င်းသာ ဝန်ကြီးချုပ် ဖြစ်လာပါက နာဂျစ်ကို ခြစားမှုများဖြင့် အပြစ်ပေးနိုင်အောင် လုပ်ဆောင်မည်ဖြစ်ကြောင်း မဟာသီယာက ပြောဆိုထားခဲ့ပြီးဖြစ်သည်။ သို့သော် ရွေးကောက်ပွဲရလဒ်များ ထွက်ပေါ်ပြီးနောက် ပြုလုပ်ခဲ့သည့် သတင်းစာရှင်းလင်းပွဲတွင်မူ မဟာသီယာက လက်စားချေမည် မဟုတ်ဘဲ တရားဥပဒေစိုးမိုးရေးကိုသာ လုပ်ဆောင်မည်ဖြစ်ကြောင်း ပြောဆိုခဲ့သည်။

## ဝန်ခံ

နာဂျစ်ရာဇတ်ကလည်း ရွေးကောက်ပွဲရှုံးနိမ့်ကြောင်း ဝန်ခံလိုက်ပြီဖြစ်သည်။ ရွေးကောက်ပွဲ အနိုင်ရရှိမှုကြောင့် အများပြည်သူ ရုံးပိတ်ရက် နှစ်ရက် သတ်မှတ်မည်ဖြစ်သော်လည်း ရွေးကောက်ပွဲ အနိုင်ရရှိသည့် ၄င်းတို့မှာမူ အားလပ်ရက်ရှိမည် မဟုတ်ကြောင်း မဟာသီယာက ပြောဆိုခဲ့သည်။

## အုပ်ချုပ်

မဟာသီယာသည် ၁၉၈၁-ခုနှစ်မှ ၂၀၀၃-ခုနှစ်အထိ ဘီအင်နီညွန့်ပေါင်းအဖွဲ့ကို ဦးဆောင်ပြီး ဝန်ကြီးချုပ်အဖြစ် ၂၂ နှစ်ကြာ အုပ်ချုပ်ခဲ့သည်။ မဟာသီယာ၏ အုပ်ချုပ်မှုအောက်တွင် မလေးရှားသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်ကာ အာရှကျားတစ်ကောင်အဖြစ် သတ်မှတ်ခံခဲ့ရသော်လည်း မဟာသီယာသည် အာဏာရှင်ဆန်ဆန် အုပ်ချုပ်ပြီး အတိုက်အခံများအား အငြင်းပွားဖွယ် လုံခြုံရေးဥပဒေများနှင့် အရေးယူကာ ထောင်ဒဏ်ချမှတ်ခဲ့သည်။

## သတိပြု

နာမည်ဆိုးဖြင့် အကျော်ကြားဆုံးမှာ ဒုတိယဝန်ကြီးချုပ် အန်ဝါအီဘရာဟင်အား မမှတာနှင့် ဆန့်ကျင်သော လိင်ဆက်ဆံမှုဖြင့် ထောင်ဒဏ်ချမှတ်ခဲ့သည်။ အန်ဝါ ပြန်လည်လွတ်မြောက်ရေး မလေးရှားဘုရင်၏ လွတ်ငြိမ်းချမ်းသာခွင့်ကို ရယူမည်ဖြစ်ကြောင်း မဟာသီယာက ကတိပြုထားသည်။ မဟာသီယာသည် နာဂျစ်၏ ဆရာဟောင်းလည်း ဖြစ်သည်။

## အရှက်ရ

နာဂျစ်၏ ဘီအင်နိ်သည် အကျင့်ပျက် ခြစားမှုများတွင် ပါဝင်နေမှုကြောင့် အရှက်ရကြောင်း ပြောဆိုကာ မဟာသီယာသည် ၂၀၁၆-ခုနှစ်တွင် အတိုက်အခံများနှင့် ပူးပေါင်းခဲ့သည်။ မဟာသီယာသည် ရွေးကောက်ပွဲ အနိုင်ရရှိခဲ့သော်လည်း အသက်အရွယ်ကြီးရင့်နေသောကြောင့် ၄င်းသည် ဝန်ကြီးချုပ်သက်တမ်းကုန်အောင် ထမ်းဆောင်နိုင်ချေ ရှိ၊မရှိကိုလည်း မေးခွန်းထုတ်မှုများ ရှိနေသည်။ အန်ဝါသာ ပြန်လည်လွတ်မြောက်ပါက ပြန်လည်ရွေးကောက်ခံရပြီး ဝန်ကြီးချုပ် ဖြစ်လာနိုင်ချေ ရှိနေသည်။

❖ ❖ ❖

# (၁၈)

## မလေးရှားဝန်ကြီးချုပ် မဟာသီယာမိုဟာမက် ပြည်သူ့ဝန်ထမ်းများ ဥပဒေမချိုးဖောက်ရန် မှာကြား



မေ ၂၁ ရက်တွင် ပြုလုပ်သည့် အခမ်းအနားတွင် မဟာသီယာက ပြောကြားလိုက်ခြင်း ဖြစ်သည်။

ဤအကြွေးမြီများကို မိမိတို့ ဘယ်လိုပြန်ဆပ်သွားကြမလဲ။ ဤကိစ္စအတွက် အစိုးရနှင့် အုပ်ချုပ်ရေးအဖွဲ့များက ပူးပေါင်းလုပ်ဆောင်သွားရမည်ဖြစ်ကြောင်း၊ သို့ရာတွင် အုပ်ချုပ်ရေးအဖွဲ့က ဥပဒေကို ဆန့်ကျင်လုပ်၍ မရကြောင်း၊ အစိုးရက အမိန့်ပေးလျှင်ပင် ဥပဒေနှင့် မညီညွတ်ပါက မလုပ်ရဟု ၄င်းက ထပ်မံပြောခဲ့သည်။

ကျွန်ုပ် ဝန်ကြီးချုပ် လုပ်နေစဉ်မှာ သင်တို့၏ ညီညွတ်သော ပူးပေါင်းဆောင်ရွက်နေမှုကို လိုအပ်ကြောင်း၊ သို့ရာတွင် နိုင်ငံတော်၏ ဥပဒေကို ဆန့်ကျင်ခြင်း၊ ချိုးဖောက်ခြင်းတို့ကို မလုပ်ဆောင်ရကြောင်း မဟာသီယာက ပြောကြားခဲ့သည်။

ဒေါက်တာမဟာသီယာက ယခုအခါ နိုင်ငံလွတ်လပ်ရေးရပြီးသည်မှ ပထမဆုံးညွန့်ပေါင်းအစိုးရအောက်၌ အလုပ်လုပ်နေကြရကြောင်း၊ အာဏာခွဲဝေမှုတွင် မလျော်သည့် လုပ်ရပ်များကို ဖယ်ရှားသွားရမည်ဖြစ်ကြောင်း၊ မကြာမီနှစ်များက အုပ်ချုပ်ရေးက လုပ်ပိုင်ခွင့်အာဏာ မရှိခဲ့ကြောင်း ၄င်းက ပြောခဲ့သည်။

သူတို့ဟာ ကြောက်ဖို့သော် လည်းကောင်း၊ လာဘ်စား၍သော် လည်းကောင်း ဖြစ်နိုင်သည်ဟု မဟာသီယာက ပြောကြားလိုက်သည်။

မလေးရှားဝန်ကြီးချုပ်ဟောင်း နာဂျစ်ရာဇတ်မှာ နိုင်ငံပိုင်ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေ IMDB မှ ငွေများကို ကိုယ်ကျိုးသုံးမှုဖြင့် သက်ဆိုင်ရာ၏ စစ်ဆေးမှုကို ခံနေရကြောင်း သိရသည်။


မဟာသီယာက နိုင်ငံကို ပြန်လည်ပြုပြင်ပြီး ကမ္ဘာ့အလယ်၌ လေးစားမှု ခံယူရအောင် လုပ်ဆောင်သွားမည်ဟု ပြောကြားလိုက်သည်။

Ref: CNA, Bernama.

✤ ✤ ✤

(၁၉)

## မလေးရှား အရက်သစ် ရောက်ပြီ



မဟာသီယာမိုဟာမက်ကို ဆက်ခံမည့်သူဖြစ်သည်၊
ထောင်မှလွတ်လာသည့် အန်ဝါအီဘရာဟင်က ကြေညာ

မလေးရှားဝန်ကြီးချုပ် မဟာသီယာမိုဟာမက်ကို ဆက်ခံမည့်သူအဖြစ် သတ်မှတ်ခံထားရသော ပြုပြင်ပြောင်းလဲရေးဝါဒီ အန်ဝါအီဘာရာဟင်သည် မေ ၁၆ ရက်တွင် ထောင်မှပြန်လွတ်လာခဲ့ပြီးနောက် မလေးရှားအတွက် အရဏ်သစ် ရောက်ခဲ့ပြီဖြစ်ကြောင်း ကြေညာခဲ့သည်။

အသက်(၇၀)အရွယ် အန်ဝါသည် လိင်တူဆက်ဆံမှုအတွက် ထောက်ဒဏ်သုံးနှစ် ချမှတ်ခံထားရပြီး မလေးရှားဘုရင်က ၄င်းအား ပြစ်ဒဏ်ပယ်ဖျက်ပေးခဲ့သဖြင့် မလေးရှားနိုင်ငံရေးတွင် ပြန်လည်ပါဝင်ရန် လမ်းပွင့်သွားခဲ့သည်။

မလေးရှားကို ဆယ်စုနှစ် ခြောက်ခုနီးပါးကြာ အုပ်ချုပ်ခဲ့သော အာဏာရညွန့်ပေါင်းအဖွဲ့သည် ခြစားမှုပြဿနာကြောင့် ပြီးခဲ့သည့် သီတင်းပတ်ရွေးကောက်ပွဲတွင် မျှော်လင့်မထားသော အရေးနိမ့်မှုကို ကြုံခဲ့ရသည်။

"မလေးရှားအတွက် အရဏ်သစ် ရောက်ပါပြီ။ မလေးရှားပြည်သူတွေကို ကျွန်တော်က ကျေးဇူးတင်ရမှာပါ"

ဟု အန်ဝါက ပြောကြားခဲ့သည်။

"မလေးရှား အားလုံး၊ ဘယ်လူမျိုးဖြစ်ဖြစ် ဘယ်ဘာသာဖြစ်ဖြစ် ဒီမိုကရေစီနဲ့ လွတ်လပ်မှုကို ကိုင်စွဲခဲ့ကြပါတယ်။ သူတို့က အပြောင်းအလဲကို တောင်းဆိုခဲ့ပါတယ်"

ဟု အန်ဝါက ထပ်မံ ပြောကြားခဲ့သည်။ မလေးရှားနိုင်ငံကို စင်ကြယ်ရေးအတွက် အစိုးရသစ်၏ ကြိုးပမ်းမှုများအား ပံ့ပိုး

ကြရန် ဂျာနယ်လစ်များ၊ ထောက်ခံသူများနှင့် အကျဉ်းထောင်စောင့်များအား အန်ဝါက တိုက်တွန်းခဲ့သည်။

လွန်ခဲ့သော နှစ် ၂၀ ခန့်က ၎င်းအား အကျဉ်းကျစေခဲ့ပြီး ယခုအခါ မဟာမိတ်ဖြစ်လာခဲ့သော မဟာသီယာကို ခွင့်လွှတ်ခဲ့ကြောင်းလည်း အန်ဝါက ပြောကြားခဲ့သည်။

အန်ဝါသည် ယခုအခါ ပြုတ်ကျသွားခဲ့ပြီဖြစ်သော Barisan National (BN) ညွန့်ပေါင်းအဖွဲ့တွင် ထိပ်တန်းရောက်ခဲ့သူဖြစ်ပြီး ၁၉၉၀ ပြည့်လွန်နှစ်များ နောက်ပိုင်းတွင် မဟာသီယာက အန်ဝါကို အာဏာအလွဲသုံးစားမှုနှင့် လိင်တူဆက်ဆံမှုတို့အတွက် အကျဉ်းချခဲ့သည်။

ပထမအကြိမ် လွတ်လာခဲ့ပြီးနောက် အန်ဝါသည် အတိုက်အခံ ညွန့်ပေါင်းအဖွဲ့ကို ခိုင်မာတောင့်တင်းစေရန် ဆောင်ရွက်ခဲ့သည်။ ယခု ဒုတိယအကြိမ် လွတ်မြောက်ခဲ့သော အန်ဝါသည် ရန်သူမဟာမိတ်ဖြစ်လာသော မဟာသီယာနှင့် ပြန်လည်ပေါင်းစည်းရန် ဆောင်ရွက်ရမည်ဖြစ်သည်။

မဟာသီယာက အစိုးရအဖွဲ့ကို တစ်နှစ်မှ နှစ်နှစ်ထိ ဦးစီးရန် မျှော်လင့်ထားကြောင်း ပြောကြားထားသည်။ သို့သော်လည်း အန်ဝါကို တဖြည်းဖြည်းချင်း အာဏာလွှဲပြောင်းပေးမည်ဖြစ်ကြောင်း မဟာသီယာက အရိပ်အမြွက် ပြောကြားထားသည်။

ဖြုတ်ချခံခဲ့ရသော BN ကို ၂၀၀၃-ခုနှစ်အထိ ၂၂ နှစ်ကြာ ဦးဆောင်ခဲ့သော မဟာသီယာသည် အန်ဝါက ဦးစွာစုစည်းထားခဲ့

သော အတိုက်အခံတို့ကို ဦးဆောင်ပြီး မမျှော်လင့်ထားသည့် အောင်ပွဲကို ရရှိစေခဲ့သည်။

BN သည် ၁၉၅၇-ခုနှစ်တွင် လွတ်လပ်ရေးရခဲ့သော မလေးရှားကို ထိုအချိန်မှစ၍ အုပ်ချုပ်ခဲ့သော ပါတီဖြစ်သည်။ အန်ဝါ ပြန်လည်လွတ်မြောက်မှုကြောင့် မလေးရှားတို့အတွက် အပြောင်းအလဲကို မျှော်လင့်ရန် ဖြစ်လာခဲ့ပြီး ဦးတည်ချက် လုံးလုံးလျားလျား ပြောင်းလဲမှုပင် ဖြစ်လာမည်ဟု လူထု၏ မျှော်လင့်ချက်များကို ပို၍ မြင့်တက်စေဖွယ် ရှိသည်။

အန်ဝါသည် အစိုးရအဖွဲ့သို့ မကြာမီ ဝင်ရောက်ပူးပေါင်းနိုင်ဖွယ် မရှိသေးပေ။ ၂၀၁၅-ခုနှစ်တွင် ဖယ်ရှားခံရသော ပါလီမန်အမတ်နေရာကို အန်ဝါ ပြန်လည်ရယူရန် ပထမဦးစွာ ရွေးကောက်ခံရမည် ဖြစ်သည်။

Ref: AFP

❖ ❖ ❖

## (၂၁)

## လုပ်သင့်တာ လုပ်သူ

သူကား မဟာသီယာမိုဟာမက်။

သူက မလေးရှားနိုင်ငံ၏ တစ်ကျော့ပြန် ဝန်ကြီးချုပ် ဖြစ်သည်။

သူက (၂၆)နှစ်ကြာ ဝန်ကြီးချုပ်လုပ်ပြီး အနားယူခဲ့သူ။ သူကို အာရှသာမဟုတ် ကမ္ဘာကပါ သိသူ။

အထူးသဖြင့် အနောက်ကမ္ဘာနှင့် အလွမ်းမသင့်ဆုံးသူ။ သူကလည်း ဖော်လိုသမား မဟုတ်။

သူက အသက်အရွယ် အိုမင်းပြီဖြစ်သော်လည်း တိုက်ပွဲဝင်စိတ်ဓာတ် အပြည့်အဝရှိသူ၊ တစ်ချက်ကလေးမှ စိတ်အားမလျှော့သူ။ ပြည်သူအတွက် ဒေသတွင်းအတွက် အမှန်တရားနောက်လိုက်သူ။

သူက အတိုက်အခံများကိုလည်း တည်ကြည်ခိုင်မာစွာ ရပ်တည်ပြီး စွမ်းအားပြသူ။

"ကျုပ် အရာရာကို ကြံ့ခိုင်နိုင်သေးတယ်။ ယုံကြည်ရာ လမ်းကို လျှောက်နိုင်သေးတယ်၊ ကျုပ် အသက်ကြီးပေမယ့် မအိုသေးဘူး"

ဟု ပြောသည်။

"ကျုပ်က ကျုပ်နိုင်ငံ၊ ကျုပ်လူမျိုးနဲ့ ဒေသတွင်းအတွက် ကျုပ်ကိုယ်ကျုပ် မြှုပ်နှံထားတယ်၊ မဟာသီ ဆိုတာ ကမ္ဘာကြီးအတွက်ပဲ"

သူက အမြဲပြောသည်။

သူက ဆရာဝန်ဖြစ်တော့ လူ့အသက်ကယ်ဖို့ ကြိုးစားခဲ့သည်။ နိုင်ငံရေးသမားဖြစ်တော့ လူသားတွေကို ကယ်ဖို့ အားထုတ်သည်။ သူက ကိုယ်ကျိုးရှာ နိုင်ငံရေးသမား မဟုတ်။

❖ ❖ ❖

မလေးရှားတွင်လည်း လူမျိုးရေးပြဿနာတွေ ရှိသည်။ တရုတ်တွေနဲ့ ဒေသခံ မလေးလူမျိုးတွေ။

တရုတ်တွေက တန်းတူအခွင့်အရေးပေးဖို့ တောင်းဆိုနေကြပြီ။ သည့်အတွက် ထိုအချိန်က မဟာသီ ခေါင်းခြောက်နေလောက်ပြီဟု ထင်ကြသည်။

သူက အေးဆေးပင်။

"ဒါက မဆန်းဘူး၊ အကောင်းနဲ့အဆိုး ဗဒ္ဒိပက္ခလို့ ပြောရမယ်။ အစွန်းရောက်သူက ဖြစ်နိုင်၊ မဖြစ်နိုင် မသိဘူး။ ကလေးလို လိုချင်တာပဲ တောင်းတယ်။ ဒါပေမဲ့ ကျွန်တော်တို့နိုင်ငံမှာ နားလည်သည်းခံတတ်တဲ့ တရုတ်တွေကတော့ ဒီလိုအစွန်းရောက်စကား မပြောဘူး၊ မူဝါဒအတိုင်းပဲ နေတယ်၊ စဉ်းစားကြည့်ရင် မတူညီတာတွေ ပေါင်းစပ်လို့မရဘူး၊ တရုတ်တွေကြားမှာ မလေးတွေ မနေနိုင်သလို မလေးတွေရဲ့ စည်းကမ်းဘောင်ထဲ တရုတ်တွေ ဘယ်လိုနေမလဲ"ဟု ရှင်းပြသည်။

သို့သော် အချို့က မဟာသီသည် လူမျိုးရေးခွဲခြားမှု စိတ်ဓာတ်ကြီးသည်။ ဆွေမျိုးအပေါင်းအသင်း ယိုင်းပင်းရေး မူဝါဒကြောင့် လူမျိုးရေးခွဲခြားမှုတွေ ပေါ်ပေါက်လာသည်ဟု ပြောသည်။

မယာသီယာက အေးဆေးစွာ ပြုံးသည်။

"ဒီကိစ္စနဲ့ ပတ်သက်လို့ကတော့ ကိုယ်လိုရာ ကိုယ်ဆွဲတွေး တယ်လို့ ပြောချင်တယ်။ တကယ်တော့ ကျွန်တော် အလုပ် လုပ်နေတာ တစ်ဦး နှစ်ဦးအတွက် မဟုတ်ဘူး၊ မလေးရှား နိုင်ငံတစ်နိုင်ငံလုံးအတွက် လုပ်နေတာ၊ မလေးရှားနိုင်ငံ အတွက်နော်၊ ဘယ်သူဘယ်ဝါအတွက်ရယ်လို့ မဟုတ်ဘူး၊ မလေးရှားနိုင်ငံထဲမှာနေတဲ့ လူတွေအတွက်၊ အခွင့်အရေးပဲ၊ တရုတ်လူမျိုးတွေလည်း ပါမှာပဲ၊ တူညီတဲ့ အခွင့်အရေး ရစေရမယ်၊ ဘယ်သူ့ကိုမှ ခွဲခြားမှာ မဟုတ်ဘူး"

ဟု ပြောသည်။

သို့စေကာမူ မလေးလူမျိုးအတွက် အကာအကွယ် ပေးနေ သည်။ ဒီလို အကာအကွယ် ပေးနေသည့်အတွက် မလေးရှားနိုင်ငံ သည် နိုင်ငံနှင့်အဝှမ်း ဆက်စပ်မှုအရာတွင် နောက်ကျခံနေရသည်ဟု ဆိုကြဆဲ၊ ဝေဖန်နေကြဆဲ။

သူကမူ...

"ဒါက မျိုးချစ်စိတ်လေ၊ ဒီစိတ်က မရှိသင့်ဘူးလား၊ ကိုယ့် တိုင်းပြည် တည်ငြိမ်ဖို့အတွက် ကိုယ့်တိုင်းပြည် ကိုယ့် လူမျိုးတွေကို အကာအကွယ်ပေးတယ်၊ ဒါကို အနောက် တိုင်းပညာရှင်တွေက လက်မခံဘူး၊ တိုးတက်မှု ဖွံ့ဖြိုးမှု အတွက် အမျိုးသားရေးစိတ်ဓာတ် မရှိရဘူးတဲ့။ ကျုပ်က တော့ ဒါကြောင့် ကမ္ဘာနဲ့အဝှမ်း အကျိုးဆက်တွေ ဖြစ်နေ

တာလို့ ပြောချင်တယ်၊ ဒါဆိုရင် ကိုယ့်လူမျိုး ဆင်းရဲနေတာ ဆင်းရဲတဲ့အတိုင်း ထားရမှာလား။ ဒါဆို ကျုပ်တို့လူမျိုး မြောင်းထဲရောက်သွားမှာပေါ့။ ဒါကို ကျုပ် မလိုချင်ဘူး"

ထို့အတူပင် သူက လူငယ်တွေ စနစ်ကြောင့် ပျက်စီးရတယ်ဟု ပြောသည်ကိုလည်း လက်မခံ။ စနစ်ဆိုတာ လူကလုပ်တာ၊ စဉ်းစားကြည့်ရင် ကျွန်တော်တို့လည်း လူငယ်ဘဝက လာတာ၊ လူငယ်က လူငယ်ပဲ၊ အမှန်တရားဆိုတာ လူငယ်မသိတာ များတယ်၊ လူကြီးဖြစ်လာမှ သိတာ၊ ဒါဟာ ရှင်းတယ်"

ဟု ပြောသည်။

✤✤✤

သူက ပြုံးသည်။

"ဝေဖန်တာ လုပ်သင့်တဲ့ အလုပ်ပဲ၊ အနောက်နိုင်ငံက ဝေဖန်တာက ဒီနိုင်ငံက အချို့ဟာ မလုပ်သင့်တာ လုပ်တယ်၊ ဒါကိုက လူများအိမ်တွင်းရေး ဝင်စွက်တာပဲ၊ ကိုယ့်အကြောင်း ကိုယ်အသိဆုံးပါ"

ဟု ပြောသည်။

"ကျုပ်ပြောနေတာ ကျုပ်နိုင်ငံနဲ့ ကျုပ်လူမျိုး အတွက်ပဲ။ မမှန်ကန်တဲ့ လုပ်ရပ်တွေ၊ ပြောဆိုမှုတွေမှန်း သိရက်နဲ့ ဘာကြောင့် ခေါင်းငုံ့နေရမလဲ၊ ဒါဆို ကိုယ်စွမ်းကိုယ်စ ဘယ်မှာ ရှိတော့မလဲ"

"ခင်ဗျားတို့ စဉ်းစားကြည့်လေ။ သူတို့က ကျုပ်တို့နိုင်ငံမှာ တည်ငြိမ်မှု မရှိဘူး၊ ထိန်းချုပ်မှု မမှန်ဘူးလို့ ပြောတယ်၊ ဒါဟာ မှန်လား၊ ဒါဆို သူတို့ ဘာကြောင့် ဒီမှာလာပြီး ရင်းနှီးမြှုပ်နှံမှု လုပ်နေသလဲ၊ ဒါမှန်ရင် ဝေးသေးတယ်။ ကျုပ်တို့ကို အ၊မနဒပ ပြောတဲ့ နိုင်ငံက လူတွေ လာပြီး ရင်းနှီးမြှုပ်နှံနေတာ၊ ဒါဟာ တည်ငြိမ်လို့ ရင်းနှီးမြှုပ်နှံမှု မှန်ကန်လို့ပဲ၊ ရှင်းနေပါတယ်"

သူက စကားရပ်ပြီး ပြုံးသည်။ ပြီးမှ ဆက်၍…

“တလောက ရင်းနှီးမြှုပ်နှံမှုတွေ ကျဆင်းနေပြီလို့ ပြောရင်း ဟိုလိုလို ဒီလိုလို စကားတွေ ဆိုတယ်၊ တွေးကြည့်ရင် ရယ်စရာပဲ။ တကယ်တော့ ရင်းနှီးမြှုပ်နှံမှုတွေ ကျဆင်းနေတာ မလေးရှား တစ်နိုင်ငံတည်း မဟုတ်ဘူး၊ ဒေသတစ်ခုလုံးပဲ။ ဒါကလည်း ရှင်းပါတယ်၊ အဖြေက ရှင်းရှင်းလေးပဲ။ ငွေအများစုက ဥရောပနဲ့ အမေရိကကို လှိမ့်ဝင်နေတယ်။ ဒီဘက်ဒေသကို နည်းနည်းပဲ ဝင်တယ်။ ပြီးတော့ ဂျပန်စီးပွားရေး အခြေအနေကလည်း အနုတ်လက္ခဏာ ပြနေတယ်။ ဒါကြောင့် သူတို့လည်း ရင်းနှီးမြှုပ်နှံမှု မလုပ်နိုင်သေးဘူး၊ ဒါက မူလ အခြေခံပဲ၊ မလေးရှားရဲ့ ပြည်တွင်းရေး မူဝါဒကြောင့်လည်း မဟုတ်ဘူး၊ ဒီအတွက် မှုစရာလည်း မလိုဘူး”ဟု ရှင်းသည်။

ငွေတန်ဖိုးချဖို့ သတင်းများ ထွက်လာတော့ သူက ‥

“ဒါက ဘာဖြစ်လဲ၊ ကျွန်တော်တို့ရဲ့ ငွေကြေးအခြေအနေက အဆိုးမရှိဘူး၊ ကောင်းနေတာပဲ၊ ကျွန်တော် မစဉ်းစားဘူး”ဟု ပြောသည်။

✣ ✣ ✣

သူက တည်ငြိမ်စွာ ပြုံးပြီး ခေါင်းဆတ်သည်။ ဒါကလည်း အခြားကြောင့်မဟုတ်။ ခုတလော ကောလာဟလ အသံတွေများ ပါဘိ။

လူတွေက ခက်သည်။ ဘာမှ သေသေချာချာ မသိဘဲ ရမ်းသမ်းပြောပြသည်။

"သိပ် ရယ်စရာကောင်းတယ်"

ဟု ပြောသည်။

သို့နှယ်ပင် သူက…

"ကျွန်တော် လုပ်သင့်တာ လုပ်နေတာ၊ ကျွန်တော်က တိုင်းပြည်တိုးတက်အောင်ပဲ လုပ်တယ်။ လူကြိုက်အောင် မလုပ်ဘူး။ဒါကို အပြစ်ပြောရင် ခံမယ်"

ပြောရင်း ပြုံးသည်။ ပြီးမှ သူက…

"ကျွန်တော် မှတ်မိနေသေးတယ်။ ပါတီညီလာခံမှာ ကျွန်တော့်ကို ချီးမြှောက်ကြတယ်၊ ဒီတော့ ကျွန်တော်က မိတ်ဆွေတို့ရယ် ကျွန်တော့်ကို သိပ်မမြှောက်ကြပါနဲ့၊ ကျွန်တော်တို့ လက်တွဲလုပ်ရမယ့် အချိန်မှ လက်တွဲလုပ်ရအောင်ပါလို့ ပြောရတယ်။ တကယ်တော့ ကိုယ် တာဝန်ယူချိန်မှာ စေတနာ၊ ဝါသနာ၊ အနစ်နာခံ့ အကောင်းဆုံး လုပ်ရမယ်၊

စံပြဖြစ်အောင် လုပ်ရမယ်၊ အောင်မြင်တာ ရှုံးနိမ့်တာ အဓိက မဟုတ်ဘူး"

ဟု ပြောသည်။ ထို့အတူ သူနားပြီး မြန်မာပြည်မှာ ရနိုင်အရေးဖြစ်တော့ မလေးရှားဝန်ကြီးချုပ် နာဂျစ်ရာဇတ်က ကိုယ်တိုင်မြန်မာအစိုးရကို ကန့်ကွက်ဆန္ဒပြသည်။ ဒီတော့ သူက…

"ဒါဟာ မလေးရှား လုပ်ရမယ့်ကိစ္စ မဟုတ်ဘူး၊ မြန်မာနိုင်ငံမှာ မွတ်စလင်တွေနဲ့ ပြဿနာဖြစ်နေတာ မှန်ပေမယ့် ဘယ်သူမှန်တယ်၊ မှားတယ် မသိဘူး၊ ပြီးတော့ အနောက်အသံဆိုတာကလည်း ယုံရတဲ့အသံ မဟုတ်ဘူး၊ သူတစ်ပါးအိမ်တွင်းရေး ဝင်မစွက်ရဘူး၊ တိုင်းပြည်ခေါင်းဆောင်တစ်ဦးအနေနဲ့ ဒီအလုပ်ဟာ လုပ်သင့်တဲ့အလုပ် မဟုတ်ဘူး"

ဟု ပြောသည်။ သူက အမြဲတမ်း ချင့်ချိန်သူ၊ တိုင်းပြည်နှင့် ပြည်သူအတွက် အလေးထားသူ။

စင်စစ် အီဘရာဟင်ရော၊ နာဂျစ်ရော သူ့တပည့်တွေဖြစ်သည်။ သို့သော် သူတို့တစ်တွေ မမှန်တော့ တပည့်ဆိုပြီး ကြိတ်မှိတ် လက်ခံသူ မဟုတ်။

အီဘရာဟင်က လိင်တူကိစ္စတွေဖြစ်တော့ သူကိုယ်တိုင်ထောင်ချလိုက်သည်။

ယခု နာဂျစ်က မလုပ်သင့်တာတွေ လုပ်တော့ မဟာသီကသူကိုယ်တိုင် ပါတီက ထွက်စေသည်။ အတိုက်အခံ လုပ်သည်။

ပါတီထောင်ပြီး ရင်ဆိုင်တိုက်ခိုက်သည်။

ယခု သူ အောင်ပွဲခံနိုင်ပြီ။

သူက...

"ကျွန်တော် အသက်ကြီးပြီ။ တစ်နှစ်၊ နှစ်နှစ်လောက်ပဲ လုပ်နိုင်မယ် ထင်တယ်၊ လုပ်နိုင်သလောက် အကောင်းဆုံး လုပ်ပြီး မလေးရှားအတွက် သင့်တော်သူကို စီစဉ်နေရာချ ပေးမယ်၊ ကျွန်တော် နေရာသမား မဟုတ်ဘူး"

ဟု ပြောသည်။

မှန်တော့ မှန်သည်။

မဟာသီသည် တစ်ခုတော့ ပြောသည်။

"ကျွန်တော် နိုင်ငံရေးလောကထဲ ဝင်လာတာနဲ့ ပတ်သက် ပြီး နောင်တ ရချင်တယ်၊ အဟုတ်ပြောတာ၊ တကယ်တော့ ကျွန်တော်ဟာ ဆရာဝန်တစ်ဦး အနေနဲ့ ရှိသင့်တာ၊ ကျွန် တော် ဆေးကုနေတုန်းကဆိုရင် လူထုကလည်းချစ်တယ်၊ အခုဘာဝနဲ့တော့ တခြားစီပဲ"

ဟု ပြောသည်။

✤✤✤

# (၂၁)

## နိုင်ငံရေးစင်မြင့်က
## တရားမျှတသော စီးချင်းထိုးပွဲ

ကမ္ဘာ့နိုင်ငံရေး မိုးလေဝသ အခြေအနေတွေက အံ့ဩစရာတွေနဲ့ ပြည့်နှက်နေသည်။ တခြားမကြည့်နဲ့။

တလောက ဖြစ်ပျက်ခဲ့သည့် မလေးရှားရွေးကောက်ပွဲကိုကြည့်။ မယုံကြည်နိုင်စရာအဖြစ် ကွက်တိဖြစ်ခဲ့သည်။ လက်ရှိအာဏာရပါတီ၏ ဝန်ကြီးချုပ်က အတိုက်အခံတွေရဲ့ ဖြုတ်ချခြင်းကို ခံလိုက်ရသည်။

ယနေ့ မလေးရှားတွင် ဝန်ကြီးချုပ်ဖြစ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူက အခြားသူမဟုတ်။ တစ်ချိန်က အာဆီယံနှင့် အာရှတစ်လွှားတွင် ဟိုးဟိုးကျော်ခဲ့သည့် ထင်ရှားခဲ့သည့် "မဟာသီယာမိုဟာမက်"ဖြစ်သည်။

သူ့အသက်က (၉၂)နှစ် ရှိပြီ။

မဟာသီယာမိုဟာမက်က ဝန်ကြီးချုပ်ဟောင်းလည်း ဖြစ်သည်။

သူက လက်ရှိအာဏာရပါတီနှင့် ပတ်သက်သည့်ကိစ္စမှန်သမျှအား ပြန်လည်အပ်နှင်းပြီး အတိုက်အခံပါတီ ထူထောင်သည်။

"အတိုက်အခံရှိမှ တိုးတက်မယ်"

ဟု မဟာသီယာက ပြောခဲ့သည်။

"ဒီနေ့ ကျွန်တော်က အတိုက်အခံပါတီ ထူထောင်ပြီး လက်ရှိ အာဏာရပါတီက ဝန်ကြီးချုပ်ကို ဖြုတ်ချဖို့ ကြိုးစားခဲ့တာ ပြည်သူအကျိုးစီးပွားကို ဝန်ကြီးချုပ်က ဥပေက္ခာပြုပြီး ကိုယ်ကျိုးရှာလို့ပဲ"ဟု ပြောသည်။

မှန်တော့ မှန်သည်။

အသက်(၉၂)နှစ် ရှိပြီဖြစ်သည်။ မဟာသီယာမိုဟာမက်သည် ဝန်ကြီးချုပ်ဟောင်းတစ်ဦးဖြစ်၏။ သူက လက်ရှိအာဏာရပါတီမှ ဝန်ကြီးချုပ် "နာဂျစ်ရာဇတ်"သည် အကျင့်ပျက် လာဘ်စားမှုတွေကြောင့် ယခုကဲ့သို့ နိုင်ငံရေးနည်းအရ လျှင်လျှင်မြန်မြန် မျိုချခဲ့ခြင်းဖြစ်သည်။

"လူတစ်ယောက်ဟာ ပြည်သူကို အကျိုးမပြုနိုင်ဘူးဆိုရင် ရာဇပလ္လင်မှာ ရေရှည်ဆွဲမထားသင့်ဘူး"

ဒါက မဟာသီယာမိုဟာမက်၏ ခံယူချက်ဖြစ်သည်။ သူသည် ပြည်သူ့အကျိုး ရေးရှုမှုအတွက် ထင်ရှားခဲ့သည်။

သူက အမျိုးသားတပ်ပေါင်းစု(BN)နှင့် လက်တွဲကာ မလေးရှားနိုင်ငံအား (၂၂)နှစ်ကြာ လက်တွဲအုပ်ချုပ်ခဲ့သည်။

ယခု ထိုပါတီမှ ပြည်သူအပေါ် ရိုးသားမှု မရှိတော့သဖြင့် မဟာသီသည် ထိုပါတီနှင့် လမ်းခွဲခဲ့သည်။

မျှော်လင့်ချက်မဟာမိတ်အဖွဲ့(Pakalem harapen)အဖွဲ့ကို မဟာသီယာမိုဟာမက် ဦးဆောင်ဖွဲ့စည်းခဲ့သည်။

ဦးဆောင်သူ ဖြစ်၏။

ထို့နောက် ရွေးကောက်ပွဲ ဝင်သည့်အခါ တရားဝင် ကြေညာခဲ့သည်။

"ကျွန်တော်ဟာ နိုင်ငံချစ်စိတ်၊ ပြည်သူဘဝ ဖွံ့ဖြိုးလိုတဲ့ စိတ်ကြောင့် (BN)ပါတီကို ဦးဆောင်ခဲ့တယ်။ ကျွန်တော့်

ရည်ရွယ်ချက်က မလေးရှားပြည်သူ့ဘဝ ခေတ်မီတိုးတက် ဖွံ့ဖြိုးဖို့ပဲ၊ မှန်ကန်တဲ့ ဦးဆောင်မှု၊ မှန်ကန်တဲ့ လုပ်ရပ် ကြောင့် အောင်မြင်ခဲ့တယ်"

"ကျွန်တော် အနားယူတဲ့အခါ ပြည်သူတွေအတွက် အလုပ် အကျိုးပြုနိုင်မယ့်သူတွေကို လွှဲပြောင်းပေးခဲ့တယ်။ ကျွန် တော်က ပြည်သူကို အကျိုးပြုမယ့်သူကို တာဝန်ပေးခဲ့သလို၊ သူဟာ ပြည်သူကို အကျိုးမပြုဘူး၊ ပြည်သူ့ဘဏ္ဍာကို ဖောက်ယူမယ်ဆိုရင် အဲဒီလူကို ကျွန်တော် ခွင့်လွှတ်မှာ မဟုတ်ဘူး၊ သူ့ကို အပြစ်ပေးဖို့ အသင့်ပဲ"

ဟု သူက ပြောသည်။

ထို့အတူ သူက သူယုံကြည်စွာ တာဝန်လွှဲအပ်ခဲ့သည့် ဝန်ကြီးချုပ် နာဂျစ်ရာဇတ်၊ ပြည်သူ့အကျိုးစီးပွားအား ခိုးယူသည် ဆိုတော့ တရားဝင် စိန်ခေါ်ခဲ့သည်။

"ကျွန်တော်ဟာ တရားမျှတစွာ လုပ်ခဲ့တာပါ။ အခု ဖြစ် ပေါ်နေတဲ့ အရှုပ်ပုံတော်ဟာ ဝန်ကြီးချုပ်ရဲ့ ဖွံ့ဖြိုးတိုးတက်မှု ဖန်တီးရေးကုမ္ပဏီနဲ့ ပတ်သက်ဆက်နွယ်နေတဲ့ အကျင့် ပျက် လာဘ်စားမှုပါ။ သူဟာ သူ့ကိုယ်ကျိုးစီးပွားအတွက် ပြည်သူ့ဘဏ္ဍာကို နှိုက်ယူတာတော့ ကျွန်တော် ခွင့်မလွှတ် နိုင်ဘူး"

မဟာသီယာမိုဟာမက်က ပြတ်သားလွန်းသည်။ လက်ရှိ အာဏာရပါတီ၏ ဝန်ကြီးချုပ်အား ရွေးကောက်ပွဲနှင့် ဖြုတ်ချရန် ကြိုးစားခဲ့သည်။

ဝန်ကြီးချုပ်နှာကျစ်ကမူ ငြင်းဆို၏။ ရှေ့နေချုပ်ကလည်း ငြင်းသည်။ မဟာသီက…

"ဒါ မထူးဆန်းပါဘူး၊ လောကမှာ အမှန်တရားဟာ ဖုံးကွယ်လို့ မရပါဘူး၊ တစ်နေ့မှာ အဖြေပေါ်မှာပါ"

ဟု တည်ငြိမ်စွာ ပြောခဲ့သည်။

"ပြီးတော့ တစ်ခုရှိသေးတယ်၊ ဒီကနေ့ ဝန်ကြီးချုပ်က သူ့ကို ဝေဖန်သူတွေကို ဖြုတ်ပစ်တယ်။ ဒါကကော ဘာသဘောလဲ"

ဟု ပြောခဲ့သေး၏။

✤ ✤ ✤

သူတို့နှစ်ဦး၏ တရားမျှတသော စီးချင်းထိုးပွဲက ၉ ရက်နေ့တွင် အဖြေပေါ်ခဲ့သည်။ နာဂျစ်သည် လက်ရှိအာဏာရပါတီ၏ ဝန်ကြီးချုပ်ဖြစ်သော်လည်း ရွေးကောက်ပွဲတွင် ပြည်သူ့မဲ သုံးပုံတစ်ပုံသာ ရခဲ့သည်။

ရွေးကောက်ပွဲ အောင်နိုင်ခဲ့တဲ့ မဟာသီယာမိုဟာမက်က ဝန်ကြီးချုပ် ဖြစ်ခဲ့သည်။

တရားမျှတသော စီးချင်းထိုးပွဲ၌ အောင်နိုင်သူက မဟာသီယာမိုဟာမက်။ သူက ပြည်သူအတွက် အမြဲရှိနေသူ သူရဲကောင်း။

✤ ✤ ✤

## (၂၂)

## ပြည်သူ့အတွက် မဟာသီယာမိုဟာမက်

မလေးရှားအကြောင်း ပြောလျှင် မဟာသီယာမိုဟာမက် အကြောင်း မပါလို့ မဖြစ်သလို မဟာသီယာမိုဟာမက် အကြောင်း ပြောလျှင်လည်း မလေးရှားသည် မပါလို့ ဖြစ်မည်မဟုတ်ချေ။

အဘယ်ကြောင့်ဆိုသော် မလေးရှားပြည်သူတွေက မဟာ သီယာမိုဟာမက်ကို အလေးထားသလို၊ မဟာသီကလည်း မလေး ရှားနိုင်ငံ၊ မလေးရှားလူမျိုးများနှင့် ပတ်သက်လျှင် ခေါင်းရှောင် တတ်သူ မဟုတ်ပေ။

"ကျုပ် နိုင်ငံရေးလုပ်တာဟာ မလေးရှားနိုင်ငံ ကမ္ဘာ့ အလယ်မှာ ဝင့်ထည်ဖို့နဲ့ မလေးရှားလူမျိုးတွေဘဝ တောင့် တင်းနိုင်မှာဖို့ပဲ"

ဟု သူ ပြောခဲ့သည်။ ထို့အတူ သူက ပြောသေး၏။

"ကျုပ်ဘဝအတွက်၊ ကျုပ် တစ်ကိုယ်ရေ ကောင်းစားဖို့ အတွက်ဆို ကျုပ် ဆရာဝန်ပဲ လုပ်မှာ၊ နိုင်ငံရေးသမား

မလုပ်ဘူး။ ကျုပ်ဟာ ဆရာဝန်အဖြစ်နဲ့နေရင်း ကျုပ်ကို ရိုသေသူ အများကြီး ရှိမှာပဲ၊ စီးပွားရေးလည်း ပြောစရာ မလိုဘူး၊ လူအမုန်းလည်း ခံရမှာမဟုတ်ဘူး"

ဟု သူက ပြောသေး၏။

မှန်သည်။ သူက ဆရာဝန်ဘဝတွင် အောင်မြင်သည်။ သူ့ကို ချစ်ခင်လေးစားသူတွေ အများကြီးရှိသည်။

"ကျုပ်က လူ့ဘဝရခိုက် လူသားဆန်သူ၊ လူပီသသူ ဖြစ်စေချင်တယ်၊ ကျုပ်နိုင်ငံ၊ ကျုပ်လူမျိုးအတွက် အသုံးဝင်တဲ့သူ ဖြစ်ချင်တယ်"

သူက ခံယူချက်ရှိသလို အလုပ်တိုင်းအား ရည်ရွယ်ချက်ရှိရှိလုပ်သည်။

"ကျုပ်ကို အနောက်နိုင်ငံတွေက မကြည်လင်ဘူး၊ ဒါဘာဖြစ်လို့လဲ၊ ကျုပ်က မလေးရှားနိုင်ငံနဲ့ မလေးရှားလူမျိုးတွေ အပေါ် နိုင်ထက်ကလူ လုပ်တာ မကြိုက်လို့ပဲ"

ဟု ပြောဖူးသည်။

"ကျုပ်ဟာ ခေတ်မီတိုးတက်မှုကို လိုလားတယ်၊ အဲဒီလို ပဲ ကျုပ်ဟာ ကျုပ်နိုင်ငံဖို့၊ ကျုပ်သားတွေအတွက် စံမီသူ ဖြစ်ချင်တယ်၊ ကျုပ်ကို တိုးတက်သူလို့ မပြောချင် နေပါ စေ၊ ကျုပ်ကို မလေးရှားနိုင်ငံသား ပီသသူလို့ဆိုရင် ကျေ နပ်ပြီ"

ဟု ပြောသည်။

သူက ပြောသလိုပင် ကမ္ဘာ့အလယ်၌…

"မလေးရှားနိုင်ငံသား ဆန်သူ၊ မလေးရှားပြည်သူကို ကိုယ်စားပြုသူအဖြစ် နေထိုင်နိုင်ရင် တော်ပြီ"ဟု ပြောသည်။

မှန်သည်။

သူသည် မလေးရှားနိုင်ငံသားကောင်း ပီသစွာ နေထိုင်သလို မလေးရှားနိုင်ငံ အစဉ်အချုပ်အခြာ တည်မြဲဖို့၊ မလေးရှားပြည်သူ အကျိုး သယ်ပိုးနိုင်ဖို့ အစဉ်မျက်စိပွင့် နားစွင့်နေသည်။

✤ ✤ ✤

"ကျုပ် အခုလို လုပ်လိုက်တာက ပြည်သူ၊ မလေးရှား နိုင်ငံနဲ့ မလေးရှားပြည်သူ့အကျိုးပဲ" ဟု သူက ပြောသည်။

တကယ်ဆို သူက ကျားကျားမီးယပ် လုပ်နေသူ မဟုတ်။ ဟန်ပြအလုပ်တွေ လုပ်နေသည်မဟုတ်။ သူကပြောသည်။

"တကယ်တော့ လက်ရှိအာဏာရပါတီ၊ လက်ရှိဝန်ကြီး ချုပ်ကို ယှဉ်ပြိုင်ရတာ လွယ်တာမဟုတ်ဘူး၊ ပြောရရင် လက်ရှိနဲ့ လက်မဲ့လေ၊ ဒါပေမဲ့ ဒါကို ဂရုမစိုက်ဘူး၊ ကျုပ် က ကျုပ်ရဲ့စေတနာနဲ့ ကိုယ်ကျင့်တရားကို ယုံတယ်၊ ကျုပ် မလေးရှားနိုင်ငံ၊ မလေးရှားပြည်သူတွေ အပေါ်မှာ ဘယ် လောက် စေတနာထားတယ်ဆိုတာ၊ ကျုပ်အသိဆုံးပဲ"

ဟု ပြောခဲ့သည်။

စင်စစ် သူ့စကားတွေသည် အပေါ်ယံ ရွေးမှုန်ကြဲ အတွင်း နောက်ချေးခံစကားတွေ မဟုတ်။ ပြီးတော့ သူက အလုပ်ကို လက်တွေ့ပြခဲ့သူ။

လက်ရှိအာဏာရပါတီမှ ဝန်ကြီးချုပ် နာဂျစ်ရာဇတ်သည် သူတည်ထောင်ခဲ့သည် "ဖွံ့ဖြိုးတိုးတက်မှုဖန်တီးရေးကုမ္ပဏီ"နှင့် ဆက်နွှယ်နေသည့် အကျင့်ပျက် လာဘ်စားမှုကိစ္စ ပေါ်လာတော့ သူခံစားနေရသည်။ ပါတီမှ တာဝန်ယူထားသည့် အလုပ်မှန်သမျှ တရားဝင် နုတ်ထွက်လိုက်သည်။ ခေါင်းဆောင်နေရ ၁မှလည်း နုတ် ထွက်လိုက်သည်။

အဲဒီနောက် အတိုက်အခံပါတီကို ထူထောင်လိုက်တယ်။

"ဒါဟာ စိန်ခေါ်ပွဲ အစပဲ။ ကျုပ်ဟာ မလေးရှားနိုင်ငံအကျိုး၊ မလေးရှားပြည်သူအကျိုးနဲ့ ပတ်သက်ရင် ဘယ်သူ့ကိုမဆို ရင်ဆိုင်ဖို့ အသင့်ပဲ။ အဲဒီလိုပဲ မလေးရှားနိုင်ငံနဲ့ မလေးရှားပြည်သူအကျိုး ဖျက်ဆီးသူဆိုရင်လည်း စိမ်းစိမ်းကျက်ကျက် နီးနီးဝေးဝေး သုတ်သင်ရှင်းလင်းဖို့ အသင့်ပဲ"

ဟု ပြောခဲ့သလို ပြတ်ပြတ်သားသား လုပ်သည်။

နာဂျစ်သည် သူ့လူရင်း။

နာဂျစ်ရာဇတ်ကလည်း "ကျွန်တော် အမှားအယွင်း မလုပ်ပါဘူး"ဟု ပြောခဲ့သည်။ ထို့အတူ ဝန်ကြီးချုပ် မဟာသီယာမိုဟာမက်က အရှုပ်တော်ပုံ ကိုင်တွယ်တော့မည်ဆိုသည့် နာရီပိုင်းအတွင်းမှာပင် နာဂျစ်နှင့် သူ့ဇနီး ရော့မားမန်ဆေးတို့ရဲ့ အမည်တွေဟာ ကွာလာလမ်ပူလေဆိပ်က ဂျကာတာကို ပျံသန်းမယ့် ပုဂ္ဂလိကမိုင်ဂျက်လေယာဉ်စာရင်းမှာ ပါခဲ့တယ်။

"ကျွန်တော်တို့ တစ်ပတ်ကြာ အပန်းဖြေခရီး သွားမလို့ပါ"

ဟု ဖြေခဲ့၏။

မရတော့။ ဝန်ကြီးချုပ် မဟာသီယာမိုဟာမက်၏ အမိန့်နှင့် လူဝင်မှုကြီးကြပ်ရေးက ဝန်ကြီးချုပ်နှင့် ဇနီးကို ပြည်ပခရီးထွက်ခွင့် ပိတ်လိုက်တယ်။

လူအများကတော့ နာဂျစ်တို့ ဇနီးမောင်နှံဟာ နိုင်ငံရေးအကြောင်းပြချက်နဲ့ တိုင်းပြည်က ထွက်ပြေးဖို့ ကြိုးပမ်းခြင်းဟု သိလိုက်၏။ သတင်းတွေ ပျံ့သွား၏။

နာဂျစ်က သူ၏တွစ်တာမှ "ကျွန်တော်အမိန့်ကို လေးစားလိုက်နာပြီး ပြည်တွင်းမှာပဲ ရှိနေမှာပါ"ဆိုခဲ့သည်။

မကြာခင် သတင်းစာရှင်းလင်းပွဲမှာ နာဂျစ် ပါတီခေါင်းဆောင်ပိုင်းမှ နုတ်ထွက်ကြောင်း ကြေညာသည်။

ထိုနေ့က ပါတီ၏ (၂)နှစ်မြောက်နေ့။

ထို့နောက် မလေးရှားရဲတပ်ဖွဲ့သည် နာဂျစ်နှင့် သူ့ဆွေမျိုးများနေသည့် တိုက်ခန်းများကို ရှာဖွေသည်။ ဒါက အကျင့်ပျက်လာဘ်စားမှုနှင့် ပတ်သက်သည့် စာရွက်စာတမ်းများရှာရန် ဖြစ်သည်။

သူတို့တိုင်းပြည်ကနေ ခြေရာပျောက်ရှောင်ပြီး ခြေရာလက်ရာမပျောက်နိုင်ရန်ဖြစ်သည်။ ယင်းသို့ ရှာဖွေရာ နာမည်ကြီး အသုံးအဆောင်ပစ္စည်း အကောင်းစားတွေ မှန်သမျှသည် နာဂျစ်ရာဇက်၏ဇနီး ရော့မာမန်ရှားပိုင် ပစ္စည်းများ ဖြစ်ရမည်ဟု သုံးသပ်၏။

ဒါက မလေးရှားပြည်သူများကြား ပြောစရာစကား ဖြစ်နေသည်များ၏ ပုံရိပ်များပင်။ ခုတော့ ပြဿနာက ရှင်းပြီ။

မဟာသီယာက...

"ဒီအတွက် ကျွန်တော် စိတ်မကောင်းပါဘူး၊ ဒါပေမဲ့ မတတ်နိုင်ဘူးလေ၊ နိုင်ငံပိုင်ဘဏ္ဍာထဲက လုပ်ပိုင်ခွင့် အလွဲသုံးစားလုပ်ပြီး ခိုးယူသွားတဲ့ တိုင်းပြည်ဘဏ္ဍာ ပြန်ရောက်အောင် လုပ်ရခြင်းမို့ ကျွန်တော် ကျေနပ်ပါတယ်"

ဟု ပြောသည်။

✣ ✣ ✣

(၂၃)

## မလေးရှားရဲ့တိုးတိုးတိတ်တိတ် ကွဲလွဲမှု

မလေးရှားသမိုင်းတွင် ထူးခြားသည့် တိုးတိုးတိတ်တိတ် ဖြစ်စဉ်တစ်ခု ရှိခဲ့သည်။

ပြောရလျှင် အာဏာရပါတီအတွင်းမှ တိုးတိုးတိတ်တိတ် သဘောထားကွဲလွဲမှုဟု ဆိုလျှင်လည်း မှန်သည်။ BN ပါတီတွင်းမှ ဖြစ်ရပ်တစ်ခုပင်။

ပါတီခေါင်းဆောင် မဟာသီယာမိုဟာမက်နှင့် ဝန်ကြီးချုပ် နာဂျစ်ရာဇတ်တို့ကြားမှ တိုးတိုးတိတ်တိတ် သဘောထားကွဲလွဲမှုဟု ပြောလျှင်လည်း မှန်သည်။

မြန်မာနိုင်ငံတွင် ရခိုင်အရေး ဖြစ်ပေါ်နေစဉ်ကာလ ဖြစ်သည်။ ထိုအချိန်တွင် မလေးရှားနိုင်ငံ၌ ဆန္ဒပြပွဲတစ်ခု ဖြစ်ပွားခဲ့သည်။

ထိုဆန္ဒပြပွဲကား မြန်မာနိုင်ငံ၏ ရခိုင်ဒေသ၌ နေထိုင်ကြသော မွတ်စလင်များနှင့် မြန်မာတို့၏ ပဋိပက္ခဖြစ်သည်။ မြန်မာတို့က ဘင်္ဂါလီမွတ်စလင်တို့အား အကြမ်းဖက် သတ်ဖြတ်သဖြင့် မြန်မာနိုင်ငံမှ ဘင်္ဂလားဒေ့ရှ်သို့ ထွက်ပြေးသွားကြသည်ဟု သတင်း

မှားများ ပျံ့နေသလို မလေးရှားရှိ မွတ်စလင်တို့ကလည်း မြန်မာပြည်အား ဒေါသထွက်နေကြသည်။

ထိုစဉ် နိုင်ငံရေးအမြတ်ထုတ်ရန် ကြံစည်နေသည့် ဝန်ကြီးချုပ် နာဂျစ်ရာဇတ်သည် ဒေါသထွက်နေသည့် မလေးရှားရှိ မွတ်စလင်တို့နှင့်အတူ ရှေ့တန်းမှ ဦးဆောင်ကာ မြန်မာနိုင်ငံအား ရှုတ်ချဆန္ဒပြခဲ့သည်။

✣ ✣ ✣

ထိုဖြစ်စဉ်သည် အမှန်တရားဟု မပြောနိုင်သော်လည်း ကမ္ဘာသို့ လှုပ်ခတ်သွားစေခဲ့သည်။ ဖြစ်သင့်သည်လား၊ မဖြစ်သင့်သည့်ကိစ္စလားဆိုသည် မကွဲမပြား ဖြစ်နေ၏။

သို့နှယ်ပင် မလေးရှားနိုင်ငံ၏ အာဏာရပါတီဖြစ်သည့် မလေးအမျိုးသားတပ်ပေါင်းစု(BN) ထိပ်ပိုင်းတွင် ပိုမို၍ သဘောထား ကွဲလွဲမှု ရှိခဲ့သည်။

အထူးသဖြင့် ဝန်ကြီးချုပ်ဟောင်းဖြစ်သည့် မဟာသီယာမိုဟာမက်နှင့် မြန်မာနိုင်ငံအား ဦးဆောင်ရွတ်ချ ဆန္ဒပြခဲ့သည်။ လက်ရှိ အာဏာရဝန်ကြီးချုပ် နာဂျစ်ရာဇတ်တို့ ဖြစ်သည်။

နာဂျစ်က…

"မြန်မာနိုင်ငံဟာ လူ့အခွင့်အရေး ချိုးဖောက်ပြီး လူသားချင်း စာနာမှုကို ဖီလာဆန့်ကျင်တဲ့အတွက် ရွတ်ချသင့်တယ်"ဟု ဆိုခဲ့သည်။

ဝန်ကြီးချုပ်ဟောင်း မဟာသီယာမိုဟာမက်ကမူ "ဒါဟာ မဖြစ်သင့်တဲ့ ကိစ္စပဲ"ဟု တည်ငြိမ်စွာ ဆိုသည်။

"မွတ်စလင်တွေဟာ အကြမ်းဖက်ခံရလို့ နေရပ်ကို စွန့်ခွာထွက်ပြေးရတယ်။ ဒါဟာ အင်မတန်အရုပ်ဆိုး အကျည်းတန်တဲ့ကိစ္စ မဟုတ်လား"

မဟာသီကမူ လက်မခံချေ။

"ဒါဟာ အဝေးမြင် ရှုမြင်ချက်ပဲ။ ဒါကြောင့် အမှန်တရား လို့ ပြောလို့မရဘူး။ မှန်းဆတွေးမြင်ချက်လို့ ဆိုရင်လည်း ရတယ်၊ ပြောရရင် မှုတူညီတဲ့ လူမျိုးစုတွေ နေထိုင်တဲ့ နိုင်ငံတိုင်းမှာ ဖြစ်လေ့ ဖြစ်ထရှိတဲ့ ကိစ္စပဲ။ ဒါကို ကိုယ်က အဝေးမြင်အနေနဲ့ မှန်းဆသုံးသပ်ရင် မမှန်နိုင်ဘူး။ သူတစ်ပါး တိုင်းပြည်ရဲ့ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်သလို ဖြစ်နေမယ်။ ဒါက ရှောင်ရှားသင့်တယ်…

"ဘာကြောင့်လဲဆိုရင် ဒီကနေ့ ကမ္ဘာကြီးမှာ ဖောက်ပြန် ပြောင်းလွဲမှုတွေ ဖြစ်နေတာဟာ ဒီလို သူတစ်ပါးပြည်တွင်း ရေးကို ဝင်ရောက်စွက်ဖက်မှုတွေကြောင့်လို့ ပြောရင်မမှား ဘူး၊ တကယ်တော့ လူအခွင့်အရေးနဲ့ လူသားချင်းစာနာ မှုဆိုတာ နေရာတကာမှာ ငြိမ်းချမ်းမှုကို မဖြစ်နိုင်ဘူး၊ တိုင်း ပြည်တစ်ပြည်ရဲ့ ပြည်တွင်းရေး၊ တိုင်းပြည်တစ်ပြည်ရဲ့ ရှုမြင် မှုနဲ့ မသုံးသပ်သင့်ဘူး"

ဟု သုံးသပ်ခဲ့သလို နာဂျစ်အား ယခုကိစ္စသည် အချိန် ကိုက် ပြည်တွင်းနဲ့ပြည်ပ နိုင်ငံရေးအမြတ်ထုတ်မှုပဲဟု ပြတ်သား စွာ ဆိုခဲ့သည်။

✤ ✤ ✤

# (၂၄)

# အောင်ပွဲခံ မဟာသီယာနိုဟာမက်နှင့် အနာဂတ်သစ်

မေ(၉)ရက်က ကျင်းပပြီးစီးခဲ့သည့် ရွေးကောက်ပွဲ ရလဒ်များ ထွက်ပေါ်လာချိန်၌ မလေးရှားပြည်သူအများစု မဝံ့မရဲ မှန်းဆခဲ့ရသည့် မျှော်လင့်ချက်များ အမှန်တကယ် အထမြောက်လာသည်။

အဂတိလိုက်စားမှု အပုပ်နံ့ထောင်းထောင်းထနေသည့် နာဂျစ်ရာဇတ် ဦးဆောင်သော အစိုးရကို ဝန်ကြီးချုပ်ဟောင်း မဟာသီယာမိုဟာမက်၏ အတိုက်အခံ မဟာမိတ်အင်အားစုက အောင်မြင်စွာ အသာစီးယူ ကျော်ဖြတ်နိုင်ခဲ့သည်။

(၁၄)ကြိမ်မြောက် မလေးရှား အထွေထွေရွေးကောက်ပွဲတွင် နာဂျစ် ဦးဆောင်သည့် ဘာရီဆန်နေရှင်နယ်(BN)ပါတီအတွက် အကြီးအကျယ် အခက်ကြုံနိုင်ကြောင်း ကြိုတင်ခန့်မှန်းမှုများ ရှိခဲ့သည့်တိုင် အတိုက်အခံအုပ်စုများ အနိုင်ရမည်ဟု တစ်ထစ်ချ ယုံကြည်ရဲသူ အလွန်နည်းခဲ့သည်။

(BN)ပါတီသည် မလေးရှားနိုင်ငံရေးလောကကို တစ်ဖက်သတ် လွှမ်းမိုးထားသည့် အင်အားစုတစ်ခု ဖြစ်ခဲ့ပြီး ၂၀၁၈-ခုနှစ် ရွေးကောက်ပွဲမတိုင်မီအထိ အာဏာရပါတီအဖြစ် ၆၁ နှစ်ဆက်တိုက် ရပ်တည်ခဲ့သည်။

ထို့အတူ နာဂျစ်အပေါ် ဆန့်ကျင်မှုများ တရိပ်ရိပ်မြင့်တက်လာသည့်တိုင် ၎င်း၏ ဩဇာကြီးမားမှုကို လက်တွေ့စိန်ခေါ်ရန် အလွန် ခက်ခဲမည်ဟု နိုင်ငံရေးသုတေသီ အားလုံးလိုလိုက တညီတညွတ်တည်း သုံးသပ်ခဲ့သည်။

သို့သော် ရွေးကောက်ပွဲတွင်မူ မလေးရှားပြည်သူများက မဖြစ်နိုင်ဟု ယူဆထားသော ကိစ္စကို လက်တွေ့ဖြစ်မြောက်လာစေသည်။

မဲဆန္ဒရှင် ၁၅ သန်းခန့် မဲပေးရွေးချယ်ခဲ့သည့် ရလဒ်များအရ ပါကာတန်ဟာရာပန်နှင့် ဝါရီဆန် အတိုက်အခံပါတီများ ပူးပေါင်းထားသည့် အင်အားစုက အနိုင်ရခဲ့သည်။

ပီအိတ်ချ်ဟု အတိုခေါက်ခေါ်ပြီး မျှော်လင့်ခြင်းအတွက် မဟာမိတ်ဟု နာမည်ပေးထားသည့် ညွန့်ပေါင်းအတိုက်အခံအဖွဲ့ကို မဟာသီယာက ဦးဆောင်သည်။

ထိုနေရာတွင် နိုင်ငံရေး၌ အမြဲတမ်း ရန်သူမရှိနိုင်ဆိုသော ဆိုရိုးကို ခိုင်မာစေခဲ့သည့် မဟာသီယာ၏ ရပ်တည်မှုက စိတ်ဝင်စားစရာ ကောင်းနေသည်။

မဟာသီယာသည် မလေးရှားဝန်ကြီးချုပ်ဟောင်းဖြစ်ပြီး အရှေ့တောင်အာရှ၏ အစိုးရအဖွဲ့ကို ၁၉၈၁-ခုနှစ်မှ ၂၀၀၃-ခုနှစ် အထိ ၂၂ နှစ်ကြာ ဦးဆောင်ခဲ့ဖူးသည်။

ရွေးကောက်ပွဲတွင် ပြိုင်ဘက်ဖြစ်ခဲ့သည့် နာဂျစ် ကိုယ်တိုင်ကလည်း မဟာသီယာ၏ လက်ရင်းတပည့်ဟု ဆိုနိုင်သည်။

မဟာသီယာသည် တစ်ချိန်က (BN)ပါတီ၏ ခေါင်းဆောင်အဖြစ် နိုင်ငံရေးလောကထဲတွင် လှုပ်ရှားခဲ့သော်လည်း ယခု တစ်ကြိမ်တွင်မူ အတိုက်အခံများ၏ ဖိတ်ခေါ်မှုကို လက်ခံကာ (BN) ပါတီကို ပြန်လည်ရင်ဆိုင်ရန် ဆုံးဖြတ်ခဲ့သည်။

ရွေးကောက်ပွဲ ရလဒ်များ ထွက်ပေါ်လာသည့်အခါ မဟာသီယာ ဦးဆောင်သည့် ပီအိတ်ချ်အုပ်စု အနိုင်ရခဲ့သလို အသက်(၉၂)နှစ် ရှိပြီဖြစ်သည့် မဟာသီယာသည်လည်း ကမ္ဘာပေါ်တွင် အသက်အကြီးဆုံး ရွေးကောက်ခံ နိုင်ငံ့ခေါင်းဆောင်အဖြစ် မှတ်တမ်းသစ် ရေးထိုးနိုင်ခဲ့သည်။

ယခုအခါ မဟာသီယာသည် အစိုးရသစ်ကို ပြင်ဆင်ဖွဲ့စည်းပြီး ကွဲပြားသော နောက်ခံအင်အား၊ ကွဲပြားသော အတွေးအမြင်များဖြင့် မလေးရှားကို ဒုတိယအကြိမ် ဦးဆောင်ရန် စီစဉ်နေပြီဖြစ်သည်။

သို့သော် ဝန်ကြီးချုပ်ရာထူးကို မဟာသီယာအနေဖြင့် အချိန်မည်မျှကြာအောင် ရယူထားမည် ဆိုခြင်းမှာမူ သီးခြားမေးခွန်းတစ်ရပ်ဟု ဆိုနိုင်သည်။

မဟာသီယာနှင့် ပီအိတ်ချ်ခေါင်းဆောင်များ ညှိနှိုင်းသဘော တူထားသည့် အချက်အလက် အသေးစိတ်ကို အတိအကျ သိရှိရန် ခက်ခဲလွန်းနေသည်။

အားလုံးလိုလို သိထားသည့် ကိစ္စမှာ မဟာသီယာသည် ဝန်ကြီးချုပ်အဖြစ် ရွေးကောက်ခံသက်တမ်းစေ့အောင် ဆက်ရှိမည် မဟုတ်ဘဲ နာဂျစ်လက်ထက်က အဓိကအတိုက်အခံခေါင်းဆောင် ဖြစ်ခဲ့သည့် အန်နဝါအီဘရာဟင်ကို အာဏာလက်လွှဲပေးမည်ဆို သော အချက်ဖြစ်သည်။

သို့သော် မည်သည့်အချိန်တွင် ရာထူးအလွှဲအပြောင်း ဖြစ် လာမည်ဆိုခြင်းကိုမူ မှန်းဆရန် ခက်ခဲနေသည်။

မဟာသီယာ ကိုယ်တိုင်ကလည်း မလေးရှားတွင်း အကြီး အကျယ် ယိုယွင်းနေသော အခြေအနေများကို အစွမ်းရှိသလောက် ပြင်ဆင်လိုကြောင်း မိန့်ခွန်းပြောကြားထားသည်။

အန်နဝါသည် မလေးရှားတွင် လူအများ လေးစားမှုကိုရ သည့် ဒီမိုကရေစီပြုပြင်ပြောင်းလဲရေး တက်ကြွလှုပ်ရှားသူဖြစ်ပြီး ပီအိတ်ချ်အုပ်စုအဖွဲ့၏ နောက်ကွယ်မှ အဓိက ဦးဆောင်သူဟုလည်း ဆိုနိုင်သည်။

သို့သော် နာဂျစ်အစိုးရက အန်နဝါကို လိင်ပိုင်းဆိုင်ရာဖောက် ပြန်မှုများ ရှိခဲ့ကြောင်း စွဲချက်တင်၍ ဖမ်းဆီးထောင်ချထားသည်။

ယင်းစွဲချက်သည် နိုင်ငံရေးလုပ်ကြံမှု သက်သက်သာဖြစ် ကြောင်း လူတိုင်းက သဘောပေါက်ထားသည်။

အန်နဝါ ထောင်ထဲရောက်နေချိန်တွင် ရွေးကောက်ပွဲ၌ နာဂျစ်ကို စိန်ခေါ်ရန် သြဇာကြီးမားသော ပြယုဂ်ပုဂ္ဂိုလ်တစ်ဦး လိုအပ်ကြောင်း အတိုက်အခံများက နားလည်ထားသည်။

ထို့ကြောင့် ပီအိတ်ချ်ကို ဦးဆောင်ပေးရန် မဟာသီယာနှင့် ညှိနှိုင်းခဲ့ခြင်းဖြစ်သည်။

မဟာသီယာ ဝန်ကြီးချုပ်ဖြစ်လာပြီးသည်နှင့် အန်နဝါ၏ ပြစ်ဒဏ်ကျခံရမှုကို ဘုရင့်အထူးအမိန့်ဖြင့် ပယ်ဖျက်ပေးနိုင်ရန် စီစဉ်နေကြောင်း အတည်ပြုခဲ့သည်။

မလေးရှားဥပဒေအရ ရာဇဝတ်ကြောင်းပြစ်ဒဏ် ချမှတ်ခံရသူများ အနေဖြင့် နိုင်ငံရေးလောကနှင့် ပတ်သက်ခွင့် ငါးနှစ်ကြာ တားမြစ်ပြီးသား ဖြစ်လာစေသည်။

ထို့ကြောင့် အန်နဝါ၏ နိုင်ငံရေးလှုပ်ရှားမှု ပိတ်ပင်ခံရခြင်းကို ပယ်ဖျက်ရန် ဘုရင့်အထူးခွင့်ပြုမိန့် လိုအပ်မည် ဖြစ်သည်။

မဟာသီယာသည် အစိုးရသစ် ဖွဲ့စည်းမှုတွင် ဒုတိယဝန်ကြီးချုပ် အဖြစ် ဝမ်အဇီဇာဝမ်အစ္စမေးလ်ကို ရွေးချယ်ခဲ့သည်။

ဝမ်အဇီဇာဝမ်သည် အန်နဝါ၏ဇနီးဖြစ်ပြီး မလေးရှားသမိုင်းတွင် ပထမဆုံး အမျိုးသမီး ဒုတိယဝန်ကြီးချုပ်အဖြစ် မှတ်တမ်းတင်ခဲ့သည်။

ထိုလုပ်ဆောင်မှုများက ပီအိတ်ချ်ရော မဟာသီယာပါ အန်နဝါကို ဝန်ကြီးချုပ်နေရာ ရယူနိုင်ရေး လမ်းဖွင့်ပေးရန် အလေးအနက် ပြင်ဆင်နေကြောင်း မြင်သာစေခဲ့သည်။

မည်သို့ပင်ဖြစ်စေ အန်နဝါ ကြုံနေရသည့် ဥပဒေရေးရာ ပြဿနာများ ရှင်းရှင်းလင်းလင်း မဖြစ်သေးမီ အတောအတွင်း မဟာသီယာ အနေဖြင့် ကြားခံဝန်ကြီးချုပ် သဘောမျိုး တာဝန်ယူကာ မလေးရှားကို ဦးဆောင်ရမည်သာ ဖြစ်သည်။

အတိတ်က မဟာသီယာ၏လက်အောက်တွင် မလေးရှား၏ စီးပွားရေး အရှိန်အဟုန်နှင့် ဖွံ့ဖြိုးတိုးတက်ခဲ့သလို အာရှကျားတစ်ကောင်အဖြစ်ပင် တင်စားခံခဲ့ရသည်။

အန်နဝါက ရွေးကောက်ပွဲအပြီး မဟာသီယာနှင့် ခေတ္တတွေ့ဆုံ ဆွေးနွေးပြီးနောက် ပီအိတ်ချ် မဟာနိုင်ငံရေးအုပ်စု အနေဖြင့် မဟာသီယာကို ဝန်ကြီးချုပ် ရာထူးအတွက် အပြည့်အဝ ဆက်လက်ထောက်ခံ ကူညီနေမည်ဟု ကြေညာခဲ့သည်။

ထိုအချက်က မဟာသီယာကို ဝန်ကြီးချုပ်အနေဖြင့် လုပ်ပိုင်ခွင့် ပိုမိုကျယ်ပြန့်စေမည့် ဖြစ်သော်လည်း ခေါင်းဆောင်နေရာ အလွှဲအပြောင်း ဖြစ်လာချိန်တွင် မူဝါဒရေးရာ ပြန်လည်ညှိနှိုင်းမှုများ၌ အထစ်အငေါ့ ရှိလာနိုင်ကြောင်း မလေးရှားနိုင်ငံရေးအကဲခတ်များက သုံးသပ်သည်။

တစ်ဖက်တွင်မူ ဝန်ကြီးချုပ်ဟောင်း နာဂျစ်၏ အခြေအနေကလည်း စိတ်ဝင်စားစရာ ဖြစ်လာသည်။

၎င်းသည် အာဏာလက်ကိုင် ဝန်ကြီးချုပ်ဘဝက အာဏာ အလွဲသုံးမှု၊ အကျင့်ပျက်မှု ထုပြောဇွာ ရှိခဲ့ကြောင်း နာမည်ဆိုး ထွက်ခဲ့သည်။

ထိုအရိပ်သည် ယခုအခါ နာဂျစ်ကို ပြန်ခြိမ်းခြောက်လာဖွယ် ရှိနေသည်။

ရွေးကောက်ပွဲရလဒ်များ ထွက်ပေါ်လာပြီးသည်နှင့် နာဂျစ်သည် ဖနိုးသည်ကို ခေါ်ဆောင်ကာ အင်ဒိုနီးရှားသို့ စင်းလုံးငှားလေယာဉ်ဖြင့် ထွက်ခွာရန် စီစဉ်ထားသည်။

သို့သော် ဝန်ကြီးချုပ်သစ် မဟာသီယာ၏ အမိန့်အရ မလေးရှား ပြည်ထဲရေးဝန်ကြီးဌာနက နာဂျစ်ကို နိုင်ငံထဲမှ ထွက်ခွာခွင့် တားမြစ်ခဲ့သည်။

နောက်ဆက်တွဲ အနေဖြင့် ၄င်းသည် အကျင့်ပျက်မှု စွဲချက်များအတွက် တရားရင်ဆိုင်ရသည့် အခြေအနေလည်း ကြုံလာဖွယ်ရှိနေသည်။

လက်ရှိတွင်မူ မလေးရှားနိုင်ငံရေး၌ အပြောင်းအလဲတစ်ရပ် ကြီးကြီးမားမား ဖြစ်ပေါ်ပြီးနောက် အချိုးအကွေ့လမ်းကြောင်းက မည်သို့မည်ပုံ ဦးတည်မည် ဆိုခြင်းကို အားလုံးက သတိကြီးစွာ စောင့်ကြည့်နေသည်။

တစ်ပါတီအုပ်စိုးမှုသဖွယ် မလေးရှားနိုင်ငံရေးကို ချုပ်ကိုင်ခဲ့သည့် (BN)ပါတီကို ဖယ်ရှားလိုက်ခြင်းသည် အောင်မြင်မှုတစ်ရပ်ဟု ဆိုနိုင်သော်လည်း နောက်ဆက်တွဲ သက်ရောက်မှုများ အလွန်ကြီးမားနိုင်သည် ဆိုခြင်းကိုလည်း လက်ခံရမည် ဖြစ်သည်။

မဟာသီယာကိုယ်တိုင်အတွက်လည်း ယခင်က ဝန်ကြီးချုပ်တာဝန် ယူခဲ့သည့် အခြေအနေနှင့် ကွဲပြားသော၊ အုပ်ချုပ်မှု [illegible]

အကြံ့ နည်းပါးသော အစိုးရသစ်ကို ဦးဆောင်ရခြင်းကြောင့် ကြုံလာမည့် စိန်ခေါ်မှုများ ပိုမိုကြီးမားမည်မှာ သေချာသည်။

မည်သို့ပင်ဖြစ်စေ မလေးရှားပြည်သူများအနေဖြင့် ခေါက်ရိုးကျိုးနေသည့် အခြေအနေတစ်ခုကို တွန်းလှန်ကာ အပြောင်းအလဲအတွက်၊ ဒီမိုကရေစီအတွက် ရဲရင့်သည့် ရွေးချယ်မှုတစ်ခုကို ပြုလုပ်ခဲ့ပြီး ဖြစ်သည်။

အဆိုပါ ရွေးချယ်မှု၏ ကောင်းမွေ၊ ဆိုးမွေ အားလုံးသည် ပြည်သူများအပေါ်တွင်သာ အဓိက သက်ရောက်မည်သာ ဖြစ်သည်။ မဟာသီယာနှင့် အန်နဝါတို့ ဦးဆောင်သည့် မလေးရှားအစိုးရသစ်အနေဖြင့် ယခုအခါ ပြည်သူများအပေါ် ပြန်လည်တာဝန်ကျေနိုင်အောင်သာ မမိုတ်မသုန် ကြိုးစားရှေ့ဆက်ရတော့မည် ဖြစ်သည်။

✣ ✣ ✣

## ကျေးဇူးမှတ်တမ်း

ဤစာမူရေးဖြစ်ရန်
အဘက်ဘက်မှ ပံ့ပိုးကူညီသည့်
ဦးညိုမှိုင်း(အားမာန်သစ်စာပေ)
နှင့်
အဘက်ဘက်မှ အားပေးကြသူများအား
ကျေးဇူးအနန္တဖြင့်...

နေစိုးထက်